စိတ်ကူးချိုချိုအနုပညာ



သတ္တဝါတို့၏ သံသရာ

သော်တာဆွေ

၁၉၆၇ ခုနှစ်၊ စာပေဗိမာန်ဆုရစာအုပ်

mgyoe.com

စတုတ္ထအကြိမ်

လူ့သဘာဝသာမက တိရစ္ဆာန်များ၏
သဘာဝနှင့် ဘဝကိုပါ စုံလင်စွာရေးခြယ် တင်ပြထားရာ
အောင်မြင်သော သရုပ်ဖော်ဝတ္ထုတိုပေါင်းချုပ် ဖြစ်သည်။

၁၉၆၇ စာပေဆုရွေးချယ်ရေးကော်မတီ၏မှတ်ချက်

သတ္တဝါတို့၏ သံသရာ

သော်တာဆွေ

၁၉၆၇ ခုနှစ်၊ စာပေဗိမာန်ဆုရစာအုပ်



TTS0003
2,300.00 KS

mgyoe.com

သတ္တဝါတို့၏သံသရာ၊ သော်တာဆွေ
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၁၆၁+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဧပြီလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ စိတ်ကူးချိုချို၏တတိယအကြိမ်မူ။

ရောင်းဈေး ၂၃၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

သတ္တဝါတို့၏သံသရာ

၁၉၆၇ ခုနှစ်၊ စာပေဗိမာန်ဆုရ

သော်တာဆွေ

mgyoe.com

စတုတ္ထအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

မာတိကာ

	–စာရေးသူ၏အမှာ	ဃ
၁။	ကိုယ့်ဘဝ ကိုယ်ပဲပျော်	၁
၂။	မာနနှင့် ကာလ	၁၄
၃။	မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း	၂၅
၄။	သတ္တဝါတို့၏ သံသရာ	၃၄
၅။	လူတစ်ယောက်အကြောင်း	၄၁
၆။	အဒေါ်ကြီးတစ်ယောက်အကြောင်း	၅၁
၇။	လေးဦးသတ္တဝါ	၆၁
၈။	နတ်ပန်းတစ်ငုံ ငရဲပန်းတစ်ပွင့်	၇၁
၉။	တာတီးနှင့် မဲတူ	၈၆
၁၀။	ဦးစိန္တာနှင့် သူဌေးမ	၉၆
၁၁။	မေတ္တာမဏ္ဍိုင်	၁၁၂
၁၂။	ကြက်နှင့် ဘဲ	၁၂၇
၁၃။	ခံလေဦးလော့ သင့်ဝဋ်ကြွေး	၁၃၉
၁၄။	နှစ်ဆန်းမှတ်တမ်းပဒေသာ	၁၄၅
၁၅။	လယ်ကွင်းမိုးတွင်း ဇာတ်လမ်း	၁၅၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

စာပေဆု ရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်

ဤဝတ္ထုတိုကလေးများမှာ ၁၀ နှစ်သော ကာလအတွင်း ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ ပေဖူးလွှာ မဂ္ဂဇင်းကြီးများ၌ ရေးသားခဲ့သည်ဖြစ်၏။ ယင်းတို့၌ လူ့သဘာဝသာမက တိရစ္ဆာန်များ၏ သဘာဝနှင့် ဘဝကိုပါ စုံလင်စွာ ရေးခြယ်တင်ပြထားရာ အောင်မြင်သော သရုပ်ဖော် ဝတ္ထုတိုပေါင်းချုပ် ဖြစ်သည်။

* * * * *

mgyoe.com

mgyoe.com

ကိုယ့်ဘဝ ကိုယ်ပျော်ကြသည်။ သတ္တဝါတို့မည်သည် ဘဝကိုတွယ်တာကြသည်။ သို့သော် မသေခြင်းသာ အဆုံးရှိ၏။ တစ်ဦးကိုတစ်ဦး အတွယ်အတာပြုရင်း အနှောင်အဖွဲ့ဖြင့် ရပ်တည်နေကြကုန်၏။ ဘဝတစ်ကွေ့တွင် တွေ့လာရသော သတ္တဝါမျိုးစုံသည် မိမိကိုယ် မိမိ ဆန်းစစ်သတိရစေ၏။ ထိုသဘဝနှင့် ဘဝအတွေ့အကြုံမှ သတ္တဝါစုံတို့၏အကြောင်းကို ပျော်စရာ၊ ရင်နင့်စရာ၊ လွမ်းစရာတို့ဖြင့် ရသစုံပေးရင်း ဖော်ထုတ်ထားသော ဘဝအဖုံဖုံကို တွေ့ရလေသည်။

ရင်နင့်စရာ ဘဝများကို 'လူတစ်ယောက်အကြောင်း'၊ 'လေးဦးသတ္တဝါ'၊ 'နတ်ပန်းတစ်ပွင့် ငရဲပန်းတစ်ငုံ'၊ 'ဦးစိန္တာနှင့် သူဌေးမ' တို့တွင် တွေ့ရ၏။ လေးဦးသတ္တဝါသည် ဘဝအတွယ်အတာကို ဖော်ကျူးရာတွင် ရင်နင့်စဖွယ် ပြနိုင်၏။ အဘိုးအိုတစ်ဦး၊ သမီးပျိုတစ်ယောက်၊ ဝက်တစ်ကောင်၊ ခွေးတစ်ကောင်၏ ဘဝရပ်တည်မှုကို သနားစရာ မြင်တွေ့ရရင် သတ္တဝါမည်သည် ကိုယ့်ဘဝသာလျှင် ကိုယ်မြတ်နိုးဆုံးဟူသော 'အတ္တ သမံ ပေမံ နတ္ထိ' ကို ဖော်ထုတ်ပြနိုင်၏။ ကြည့်ပါလေ။

"အဘိုးအိုသည် ချိန်ခွင်ကိုင်လျက် မိမိမှန်းဆချက် ကိုက်ပါ့မလားဟု စိတ်စောနေ၏။ အိမ်ပေါ်က မိန်းမပျိုက ဟင်းအိုးကို မီးထိုးရင်း ဝက်သားဖိုးတွေရခဲ့သော် ကြွေးဆပ်၍ ပိုငွေကို ဘာတွေညာတွေ သုံးလိုက်မည်ဟု စိတ်ကူးနေသည်။ × × ဖိုးစိန်တုန်းက အော်ပြေးပုန်းနေခဲ့သော ဒေါက်တိုကလည်း ယခု ဝက်ဖျက်သည့်အနီးတွင် ရွှေမန်း၏ အရိုးစများကို မြိန်ရည်ယှက်ရည် ဝါးနေလေသတည်း"

မိမိကိုယ်ကို ဆန်းစစ်မိစေသော 'လူတစ်ယောက်အကြောင်း'၊ 'မေတ္တာမဏ္ဍိုင်'၊ 'ကြက်နှင့် ဘဲ' ဘဝကားချပ် မှန်ရိပ်များ ဖြစ်လေသည်။ လူ့လောကတွင် မတည်မြဲသော သဘော၊ သေခြင်းသာ အဆုံးရှိသော ဘဝကို–

"ဤအရာတို့သည်ပင်လည်း ယခု တမိုးကျပြီဖြစ်၍ မိုးရေတို့ဖြင့် ပို့စေမည်ဖြစ်ရကား နောက်တစ်ခေါက် ကျွန်တော် ရောက်သွားလျှင် တွေ့ရတော့မည်မဟုတ်။ ဦးထွန်းစိန်သည် ဤလူ့မြေမှ ဘာတွေယူသွားပါသနည်း၊ ဘာမျှ ယူမသွား

mgyoe.com

mgyoe.com

ပါ။ ဘာတွေကော ထားခဲ့ပါသနည်း၊ ဘာတွေမှလည်း မထားခဲ့ပါ။" ဟု လူတစ်ယောက်အကြောင်းတွင် သတ္တဝါတို့၏ သံသရာလည်ပုံကို တရားသံဝေဂနှင့် ဆန်းစစ်ထားသည်မှာ တစ်ကွေ့တစ်ကြိမ်တွင် ကြုံကြမ့် နောင်တသံဟု ထင်မြင်လာစေလေသည်။

လူတို့၏ဘဝတာတွင် စံပြအတုယူစရာ ပုံတစ်ခုကို 'မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း' တွင် ခွဲခြားပြထား၏။ မှန်ကန်သူသာ သတ္တိရှိပုံကို ရွာသူကြီးတစ်ဦး၏ မိမိအမှားကြောင့် ဘဝဆုံးရသည်အထိ သတ္တိကြောင်ခဲ့သူအဖြစ် ပုံစံပြခဲ့သည်မှာ ဘဝဇာတ်လမ်းကောင်း တစ်ပုဒ်ပေတည်း။

ဝဋ်ရှိသမျှ ခံရသည်ဟူသော ဘာသာရေးအယူအဆကို ကြက်မအိုကြီး တစ်ကောင်၏ ဒုက္ခအဖုံဖုံနှင့် ပမာတင်ပြသော 'ခံလေဦးတော့ သင့်ဝဋ်ကြွေး' မှာ တရားသဘောနှင့် ယှဉ်ရသော် သံသရာအထုံကို ကြောက်စရာဟု မြင်လာစေသည်။ ကြက်မကြီးကို ခြေတပေါင်ကျိုးနှင့် ဘဝကို တွယ်တာလျက် အနှိပ်စက်အညှဉ်းဆဲခံရင်း အသက်ဖိုးရှည်နေခြင်းမှာ ဝဋ်ပေတကားဟု ဆိုထားသော ဘဝတစ်ခုသည် သတ္တဝါတစ်ကောင်၏ သံသရာပေတည်း။

သတ္တဝါတို့သည် အခါအလိုက် ပေါ်လိုက်၊ ပျောက်လိုက်ဖြင့်လည်းကောင်း၊ သူ့ကိုယ်စား ကိုယ့်သူစား ဘဝအထွေထွေကိုလည်းကောင်း ဖော်ထုတ်ရင်း သတ္တဝါတို့၏ အသက်အိုးအိမ် လုပွဲကြီးကို ပမာပြသော 'လယ်ကွင်း မိုးတွင်းဇာတ်လမ်း' သည် ပုစွန်လုံးနှင့် ဖားတို့၏ သတ်ဖြတ်ပွဲကို စံပြုလျက် လူ့ဘုံလောကကို ထေ့လှောင်ထားသည်ဟု ထင်စရာ ရှိလေသည်။ ဘာပဲဖြစ်ဖြစ် သတ္တဝါတို့ကား ဘဝကို တွယ်တာ၏။ ထိုတွယ်တာသော ဘဝကြောင့် သံသရာသည် အတိုင်းမရှိ ရှည်လျားလှကုန်သည်။ ထို 'သတ္တဝါတို့၏ သံသရာ' သည် ဤလောက ဘုံပေတကားဟု လူ့စရိုက် လူ့ဘုံလောက ဓလေ့ကို ပီသစွာ ဖော်ထုတ်နိုင်ခြင်းကြောင့်သည်ပင် ထိုဝတ္ထုတို တို့ကို စာကောင်းတို့၏ လက္ခဏာဟု သတ်မှတ်ကြကုန်၏။

စာသုသိ

၁၉၇၃ ခု၊ မေလ၊ ရှမဝရုပ်စုံမဂ္ဂဇင်း။

* * * * *

mgyoe.com

mgyoe.com

စာရေးသူ၏ အမှာ

ကျွန်တော်သည် ၁၉၄၇ ခုနှစ် ဩဂုတ်လမှစ၍ စာပေနယ်သို့ ရောက်ရှိခဲ့ရာ ယခု ဤစာအုပ်ထုတ်သည့် ၁၉၆၄ ခု ဒီဇင်ဘာလဆိုလျှင် စာရေးသက် ၁၇ နှစ်နှင့် ၄ လ ရှိခဲ့လေပြီ။ ဤစဉ်ကာလအတွင်း လစဉ်မပြတ်မဂ္ဂဇင်း ဝတ္ထုမျိုးစုံကို ရေးသားခဲ့ရာ၊ ပထမ နာမည်ရခဲ့သည်မှာ ဟာသ၊ ဒုတိယပိုင်းတွင် အသက်ပေး အသိဉာဏ်နှင့် ဘဝပေး အတွေ့အကြုံအရ၊ သဘာဝသရုပ်ဖော်ဝတ္ထုများဘက်သို့ ကူးပြောင်းခဲ့သည်။

ဤတွင် ကျွန်တော်မှာ စာဖတ်ပရိသတ်နှစ်မျိုးကို တွေ့ရတော့သည်။ ပထမတစ်မျိုးက "အခု ဘယ့်နှယ့်ဟာကြီးတွေ လျှောက်ရေးနေတာလဲ၊ အရင်လို ဟာသဝတ္ထုချည်း ရေးပါ" ဟူ၍လည်းကောင်း၊ ဒုတိယအမျိုးက "ကျွန်မတို့ ဟာသ စာပေကို နှစ်သက်တတ်တဲ့ ကလေးဘဝအရွယ်က တဖြည်းဖြည်း ကြီးရင့်လာသလို အစ်ကိုဆွေ့ စာတွေဟာလည်း ဟာသကနေ သဘာဝဘက် ဘဝသရုပ်ဖော်ဘက် ကို ပြောင်းလာပြန်တော့လည်း ရင့်ကျက်တဲ့ အတွေးအခေါ် ခံစားချက်တွေကို မြတ်နိုးရပြန်ပါတယ်" ဆိုတဲ့ ပရိသတ်ကိုလည်း တွေ့ရပြန်ပါသည်။

ထို့အပြင် ယခင်က ကျွန်တော်၏ ပြောင်ချော်ချော် ဟာသဝတ္ထုမျိုးကို မနှစ်သက်ခဲ့သူတို့ကလည်း ယခုလို ဘဝသရုပ်ဖော်ဝတ္ထုတွေ တွေ့ရလေတော့၊ အချို့က ....

"ဟ ... သော်တာဆွေ ဒါမျိုးလည်း ရေးတတ်သားပါလားကွ၊ နောက် အဲဒါမျိုးတွေချည်း ရေးတော့ကွ။ ဒါမှ ... စာပေ" ဟု အားပေး အားမြှောက် ပြုကြပါသည်။

ကျေးဇူးတင်ပါသည်။

သို့ဖြင့် ကျွန်တော်သည် နောက်ပိုင်းတွင် ဟာသထက် သဘာဝသရုပ် ဖော် အတွေးအခေါ် ဝတ္ထုများ၊ စာပေများဘက်သို့သာ ရောက်သွားခဲ့ရာ၊ ယခု

mgyoe.com

mgyoe.com

ဤ "သတ္တဝါတို့၏ သံသရာ" စာအုပ်မှာ ရှုမဝ၊ မြဝတီ၊ သွေးသောက် မဂ္ဂဇင်းတို့၌ (၁၀)နှစ်အတွင်း ရေးသားခဲ့သည်များမှ၊ စာပေရင့်ကျက်သော ပရိသတ်၏ နှစ်သက်ခြင်းလည်းခံရသော ကျွန်တော်၏ စိတ်ကြိုက်လည်းဖြစ်သော ဝတ္ထုတိုများကို ရွေးချယ်စုပေါင်း ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် လူတို့၏ သဘာဝသာမက၊ လူနှင့် နီးစပ်ရာ တိရစ္ဆာန်တို့၏အကြောင်းချင်းရာများလည်း ပါလေ၍၊ "သတ္တဝါတို့၏ သံသရာ" နာမည်ပေးလိုက်ပါ၏။

စာဖတ် ရင့်ကျက်သူတို့ နှစ်သက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

သော်တာဆွေ
(၁–၁၂–၆၄)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ကိုယ့်ဘဝ ကိုယ်ပဲပျော်

လွန်ခဲ့သောလက တစ်ခုသော နေ့လယ်ခင်းဝယ် ကျွန်တော်သည် မြေနီကုန်းသို့ ကိစ္စတစ်ခုနှင့်သွားရင်း ခနိရည်ဆိုင်ရှေ့ ဖြတ်လျှောက်မိသည်၌ ထိုဆိုင်မှ သင်းပျံ့လာသည့် ကဇော်ရနံ့သည် ကျွန်တော်၏ အတိတ်ဘဝကို ရုတ်တရက်သတိရစေစဉ်မှာပင် "ဗျို့ ...ကိုကြင်ဆွေကြီးရဲ့ ...အတိတ်ကို အတိတ်မှာပဲ ထားတော့မှာလား။ ဒီများ ခဏမဝင်တော့ဘူးလား"ဟူသော သရော်တော်တော်အသံကို ကြားရ၍ လှမ်းကြည့်လိုက်တော့ ကျွန်တော်၏ မိတ်ဆွေဟောင်းကြီး နှစ်ယောက် ...။

အခုန လှမ်းပြောလိုက်သူက ကိုမြဟန်။ နောက်တစ်ယောက်က ကုလားအပွနား ...။ သူတို့ ခနိရည်ဆိုင်တံစက်မြိတ်အောက် မြေပြောင်ပြောင်တွင် မျက်နှာချင်းဆိုင် ထိုင်လျက်၊ သူတို့ရှေ့မှာတော့ ပလတ်စတစ်ခွက်ကလေး တစ်လုံးစီနှင့်၊ အလယ်ခေါင်က ခနိရည်ပုလင်းငယ် ခေါင်းပြတ်ကလေးတစ်လုံး၊ ခနိရည်က ဖင်ကပ်။ ယခု ဘီဘီအယ်လ်ခေတ်တွင် သောက်ခွက်သည် ရှေးတရုတ်လိုင်စင်စီများ လက်ထက်တုန်းကလို ပုလင်းဖင်ပြတ်များ မဟုတ်။ ပလတ်စတစ်ခွက်များကို သပ်သပ်ရပ်ရပ် ထုတ်၍ပေးထားသော်လည်း ခနိရည်ထည့်သော အာတားဝင် ဘီလပ်ရည်ပုလင်းဖြူများကိုကား မညီမညာ ခေါင်းများကိုရိုက်ချိုးထား၏။ ဤပုလင်းမျိုး အကောင်းဖြစ်၍ ရောင်းစားသော် ၁၅ ပြားပြား ၂၀ရသောကြောင့် အသောက်သမားတွေ လစ်လစ်သွားတတ်ကြသဖြင့် ဖျက်ဆီးထားရခြင်း ဟူလို။

ဘုံဆိုင်တို့မည်သည် ကျက်သရေတော့ တစ်မျိုးမဟုတ် တစ်မျိုးတော့တုံးရသည်သာ။ ဤကျက်သရေတုံးသော ဌာနမျိုးမှာပင် ကျွန်တော်လည်း နှစ်ပေါင်းများစွာ ကျက်သရေတုံးခဲ့သူဖြစ်ရာ ကျွန်တော်၏ အတိတ်ဘဝကို မမေ့ပါ။ အတိတ်က မိတ်ဆွေများကိုလည်း မပစ်ပယ်ပါ။ ထို့ကြောင့် ကျွန်တော် သူတို့ဆီဝင်ကာ သူတို့နှင့် ဖိုခနောက်ဆိုင် ထိုင်လိုက်ပြီး ...

"ခုန ကိုမြဟန်ပြောလိုက်တဲ့ စကားလေးက ချွန်ပါ့ဗျာ ...ကျွန်တော့်ဘဝင်

mgyoe.com

mgyoe.com

ကို ခိုက်သွားတာပဲ ...''

ကိုမြဟန်သည် သူ့တို့လက်ကျန် ပုလင်းဖင်ကပ်ကလေးကို ခွက်ထဲငှဲ့ပြီး ကျွန်တော့်ပေးရင်း ...

''မသိပါဘူးဗျာ၊ ကိုကြင်ဆွေကနေပြီး နိုင်ငံကျော် ဦးသော်တာဆွေဖြစ်သွားတော့ ဒီခနိရည်များ ဘာရည်တွေလဲ မေးနေဦးမလားလို့ ...''

''ကျွန်တော် ငယ်ကကြိုက်ကို ဘယ်မေ့မှာတုန်းဗျ''ဟု ပြောပြီး သူပေးသောခွက်ကို အားရပါးရ ယူမော့ပစ်လိုက်တော့မှ ဘာမျှမပြောသေးသော အပွနားက ပြုံးပြုံးကြီးကြည့်နေရာမှ ...

''ဟေး ...မြဟန်၊ ကြင်ဆွေ မမိုက်သေးပါဘူးကွ''

အပွနားသည် ဂေါ်ရင်ဂျီကုလားအစစ်ဖြစ်သော်လည်း ဗမာလို ပီသရုံမက သီချင်းတောင် ကျအောင်ဆိုတတ်သူ ဖြစ်၏။

သူတို့၏ ပုလင်းငယ်ကို ကျွန်တော်နောက်ဆုံးရှင်းပြီးနောက် သူတို့၏ ဆန္ဒနှင့် ကျွန်တော်၏တာဝန်ကို သိသည်ဖြစ်၍ ...

''ဟေးလူတွေ ခင်ဗျားတို့ ဖောင်ကို သောက်ကြပါလားဗျ''

ဖေါင်ဆိုသည်မှာ ကွပ်ပုလင်းဖြူကြီးထဲက ခနိရည်ကို အပေါ်က ဖော့ဆို့ကြိုးသိုင်းနှင့် လေလုံအောင် ပိတ်ထား၍ ဖွင့်လိုက်သော် ဘီယာလိုအမြှုပ်များဝေကာ အရသာရှိသော ခနိရည်အကောင်းစား ဖြစ်၏။ အခုန သူတို့သောက်နေကြသည့် ပုလင်းငယ်က ပြား ၂၀၊ ဤဖေါင်ပုလင်းကြီးက ပြား ၅၀၊ ထို့ကြောင့် အပွနားက...

''ဟ ...ကြင်ဆွေရာ ...ဖောင်မတတ်နိုင်လို့ ဒါလေးသောက်နေရတာပေါ့ကွ ...မင့်မလဲ ...ငါ့လခွီး ...''

ကျွန်တော် ကျပ်တန်တစ်ရွက်ထုတ်ပေး၍ ...

''ရော့ ...ကိုမြဟန် ယူချေဗျာ ...''

ကိုမြဟန်ရော အပွနားပါ ကျွန်တော့်ထက် ၁၀နှစ်မျှ ကြီးကြပေသည်။ ကျွန်တော်နှင့်သူတို့ ဂျပန်ခေတ်ဦးက စတင်သိကျွမ်းကြစဉ်က ကျွန်တော်က အသက် ၂၀လောက်၊ သူတို့ ၃၀ မျှ။ထို့ကြောင့် ကျွန်တော်က ကိုမြဟန်ကို ခင်ဗျား ကျွန်တော်ပြောရသည်။ အပွနားကိုတော့ ကုလားမို့ ကျွန်တော်က (အများနည်းတူ) မင်း၊ ငါပဲပြောသည်။ အပွနားကလည်း ကျွန်တော့်ကို ဒီလိုပဲ ပြောသည်။

ယခုဆို ကျွန်တော့်အသက်က ၄၅ ရှိ၍ သူတို့လည်း ၅၅ ရှိကြပေမည်။ သို့သော် သူတို့ဘဝကား ဟိုတုန်းက အတိုင်းပင်။

ကိုမြဟန်ကား ဟိုယခင်ရှေး အင်္ဂလိပ်ခေတ်ကပင် စမ်းချောင်းရပ်တွင်

mgyoe.com

mgyoe.com

မြင်းလှည်းသမားဖြစ်ခဲ့၍ ကျွန်တော် ဂျပန်ခေတ်က မြင်းလှည်းသမားဘဝရောက် သည်၌ ကျွန်တော့်ဆရာဖြစ်ခဲ့ဖူးပါသည် ဆိုလည်း မမှားပေ။ အပွနားကား ဒိုဘီ ကုလားဖြစ်၏။ ယင်း၌ ဒိုဘီကုလားနှင့် မြင်းလှည်းသမားတွေ ဘယ်လိုများ အကြောင်းဆက် ပေါင်းဖက်ကြပါသနည်းဟူသော မေးခွန်းလာလိမ့်မည်။ အဖြေက တော့ လွယ်ပါ၏။ ဒိုဘီကုလားလည်း အသောက်သမား၊ မြင်းလှည်းသမားလည်း အသောက်သမား၊ အသောက်သမားချင်းသည် ဘယ်လိုပဲ ဘဝခြားခြား ပေါင်း သင်း၍ ရသည်မှာ ဓမ္မတာတည်း။ထို့အပြင် အပွနားသည် ကျွန်တော်တို့၏ မြင်း လှည်းအသင်းဝင်။

"ဟဲ – ဟဲ ဘယ့်နှယ် ဒိုဘီကုလားက မြင်းလှည်းအသင်းဝင် ဖြစ်ရတာ တုန်း။ အလန့်တကြား မေးစမ်းပါဦးတော့"

မအံ့သြပါနဲ့ ခင်ဗျာ။ အဲသည်ခေတ် အဲသည်အခါမှာ ခေါက်ဆွဲတရုတ် လည်း မြင်းလှည်းအသင်းဝင်ဖြစ်နေရတာပဲ။ ဒန်ပေါက်ကုလား၊ လက်ဘက်ရည် ဆိုင်သမားတွေလည်း မြင်းလှည်းအသင်းဝင်ဖြစ်ရတာပဲ။

အတိုချုပ်ပြောမယ်ဗျာ။ ကျွန်တော်တို့၏ မြင်းခေါင်းတံဆိပ် မြင်းလှည်း အသင်းကြီးတည်ရာ စမ်းချောင်းရပ်ကွက်၊ မြင်းလှည်းဂိတ်အနီး ရှမ်းလမ်းမကြီးနှင့် ဗားဂရာလမ်းဖြတ်သန်းရာ လမ်းလေးမြွှာ ဆားမှာရှိသည့် မုန့်ဟင်းခါးဆိုင်ကအစ ကျွန်တော်တို့ မဟာမြင်းလှည်း အသင်းကြီးကို ဝင်ကြရ၏။ ဝင်ကြေးပေးကြရ၏။ လစဉ်ကြေးပေးကြရ၏။

"မဆိမဆိုင်ကွယ် မဝင်ဘဲနေတော့ ဘာဖြစ်လဲ"ဟု မေးအံ့။

အန္တရာယ် သိပ်ကြီးတယ်။ ညအချိန်တွင် ဆိုင်မှာ အမူးသမားတွေ ရုတ် ရုတ် ရုတ်ရုတ်လည်းဖြစ်တတ်တယ်။ မြင်းလှည်းအသင်း ဝင်ထားလိုက်မှ ဒီ အန္တရာယ်က ကင်းတယ်။ ဒီလို ဝင်ထားပါလျက် မတော်တဆ ဖြစ်ပွားအံ့။ မြင်း လှည်းအသင်းဥက္ကဋ္ဌကြီးကို သွားတိုင်ပါ။ ချင်းချင်းပဲ ငဖြူ၊ ငနီ၊ ငကြောင်၊ ငကျား ခေါ်ပြီး ဆုံးမပေးလိမ့်မယ်။ အဲဒီငတိတွေက သူ့တပည့်လက်သား မြင်းလှည်း သမားတွေကို ခင်ဗျား။

နားလည်လောက် ရောပေါ့နော်။ နိုင်ငံရေးသမားတွေ အသင်းဖွဲ့စားတဲ့ ပါလီမန် ဒီမိုကရေစီခေတ် မရောက်ခင်ကတည်းက ကျွန်တော်တို့ မြင်းလှည်းသမား အသင်းကြီးက ဒီအပေါက်ချိုးလာတာ ခေတ်နောက် မကျပါဘူးဗျာ။ အခု ရန်ကုန် မှာ မြင်းလှည်းတွေ ပိတ်ပစ်လိုက်လို့သာ၊ မပိတ်ခင်တုန်းကဆိုရင် ကျွန်တော် စာရေး ဆရာဘဝ ရောက်တော့တောင် တစ်ခါတစ်ခါ မြင်းလှည်းတက်မောင်းလိုက်သေး။

mgyoe.com

mgyoe.com

ပျော်တယ်ဗျ။

တစ်နှစ် ကျွန်တော် အဲဒီမြင်းလှည်းအသင်းကြီးမှာ အမှုဆောင်ဖြစ်ခဲ့သေးတယ်။ စာရေးဆရာ အသင်းနဲ့များ အပြတ်အသက်ကွာပါ့ဗျာ။ စာရေးဆရာအသင်းဆိုတာက အသင်းသားချင်းလည်းကောင်း၊ အမှုဆောင်ချင်းလည်းကောင်း၊ တစ်ဦးနဲ့တစ်ဦး တစ်ဖက်နဲ့တစ်ဖက် အချင်းချင်း အာရိုက်ပြီး နှက်ကြတဲ့ အမျိုးကလားဗျ။

မြင်းလှည်းသမားများကတော့ ကိုယ့်အသင်းအတွက်ဆိုရင် အသက်ပေးပြီး ကာကွယ်ကြတယ် ခင်ဗျာ။ ဥပမာ–ကိုယ့်အသင်းဝင် မောင်ဖြူဟာ အခြားမြင်းလှည်းသမားတွေနဲ့၊ သို့မဟုတ် ဆိုက်ကားသမားတွေနဲ့ သို့မဟုတ်မြင်းလှည်းခတောင်းတိုင်းမရ၊ မတန်တဆပေးလို့ ဘယ်အရပ်သားတွေနဲ့ ပဋိပက္ခဖြစ်ခဲ့သည်ဆိုပါတော့။ တစ်ယောက်တည်းမို့ ခံခဲ့ရပေမယ့် ချက်ချင်းလူပြန်စု၊ အမှုဆောင်တွေမြင်းလှည်းက ရှေ့မှချီတက်၊ အကျိုးအကြောင်းပြော၊ ရသင့်တာတောင်း၊ အခြေအနေမကောင်းရင် ရိုက်ပွဲကြီး ကျင်းပပစ်ခဲ့သတည်း။ အမှုဖြစ်ခဲ့သော် လူများစုရန်းရင်း ဆန်ခတ်မှု၊ အသင်းရန်ပုံငွေကလည်း ဂျပန်ခေတ်က ပုလိပ်လက်သိပ်ထိုးဖို့အသင့်။

ကဲ ...မနိုပ်ဘူးလားဗျာ။ ကျုပ်တို့ အသင်းဖွဲ့စည်းပုံ၊ ဆောင်ရွက်ပုံ။

အသင်းဝင်တို့မှာ မှန်တာ၊ မှားတာ၊ တရားတာ၊ မတရားတာ အပထား။ အကျိုးကျေးဇူး ခံစားရသည်ကတော့ အမှန်ပင်။ ထို့ကြောင့် အပ္ပနား၏ ဒိုဘီဆိုင်ကလည်း ကျုပ်တို့မြင်းလှည်းသမား အသင်းဝင်၊ သူအသင်းဝင်ဖြစ်လာလေတော့ "ကုလားပေမယ့် မစော်ကားကြနဲ့ဟေ့ ...၊ တို့အသင်းဝင်ကွ" ဆိုသော စကားတစ်လုံးနှင့်ပင် အပ္ပနားအဖို့ အကျိုးကျေးဇူးကြီးလှပေပြီ။

အပ္ပနားက ကျွန်တော်တို့ကို အကျိုးကျေးဇူးပြန်ပြုသည်များလည်း ရှိ၏။ ကျွန်တော်တို့အား ကစော်တိုက်ခြင်း၊ ကြက်သားချက်ကျွေးခြင်း၊ သူ့ပင်မင်းဆိုင်ရောက်လာသော အဝတ်အထည်များမှ ကိုယ်နှင့်တန်သော အင်္ကျီရှိလျှင် ခေတ္တငှားဝတ်ခြင်းများ ပြုရ၏။

ဟုတ်သလေ ...ဤခေတ်တွင် ကျွန်တော်တို့ မြင်းလှည်းသမားတွေမှာ သန်းချေးတထွေးထွေးနှင့် ဝါစေ့ကွဲဖျင်ကြမ်းတွေသာ ဝတ်ရတာ။ တစ်ခါတစ်ရံ ပွဲလမ်းသဘင်ရှိတော့ အပ္ပနား ဒိုဘီက ပေါ်ပင်မီးပူတိုက်တွေ ဘာတွေ ယူဝတ်ရတာပေါ့ဗျာ။ အပ္ပနားကတော့ အင်္ကျီရှင်လာရင်ကြည့်ပြော၊ မိုးရွာနေလို့တို့၊ ဝါရှင်ဆိုဒါကုန်နေလို့တို့။

အပ္ပနား၏ ဒိုဘီဆိုင်မှာ မြင်းခေါင်းတံဆိပ် ဆွဲချိတ်ထား၍ ကျွန်တော်က

mgyoe.com

mgyoe.com

'အာကာဘုံ ပင်းမင်း'ဟု ဆိုင်းဘုတ် ချိတ်ထားစေ၏။ အပွနားက အဓိပ္ပာယ်ကိုမေးသဖြင့် ကျွန်တော်က ပြာနှမ်းသောကောင်းကင်ကို လက်ညှိုးထိုးပြပြီး "မင်းဆိုင်က လျှော်လိုက်တဲ့ အဝတ်ဟာ မဲနယ်လဲနိုင်လို့ ဒီမိုးသားတွေလို လှပတဲ့ အဓိပ္ပာယ်ပေါ့ကွ"ဟု ပြောပြတော့ သူသဘောကျ၏။

သို့သော်လည်း ရွှတ်နောက်တတ်ကြသူများပီပီ နောက်ပိုင်း၌ ခေါ်ကြသည်ကတော့ 'အာပုံပင်းမင်း၊ အာပုံအပွနား'ပဲ ဖြစ်သွားတော့၏။

ကျွန်တော်သည် ဓနိရည်ခွက်ကို ကိုင်ရင်း ရေးနှစ်ပေါင်း နှစ်ဆယ်ကျော်က အထက်ဖော်ပြပါ အကြောင်းများကို ပြန်ပြောင်းစဉ်စားမိရင်း ပြုံးမိရာ အပွနားက...

"ဟော့ – ကြင်ဆွေ ...မင်းဘာပြုံးတာလဲကွ"

"ဟော့ အပွနား မင်းဒိုဘီဆိုင်မှာ ငါရေးပေးတဲ့ ဆိုင်းဘုတ်ရှိသေးရဲ့လား"

"မင်း အာပုံပင်မင်းဆိုတာကြီး မရှိတော့ပါဘူးကွာ။ မြင်းခေါင်းလည်း မရှိတော့ဘူးကွ"ဟုပြောပြီး မြင်းလှည်းအသင်းကြီး ပျက်စီးရသည်ကို နှမြောတသ ပုံပေါ်လျက် ...

"ဟော့ ...ကြင်ဆွေ ...ဟိုတုန်းက တို့သိပ်ပျော်တယ်နော်"

ယင်းအခိုက် ကိုမြဟန်သည် ဓနိရည်ပုလင်းနှစ်လုံးပိုက်ပြီး ပြန်ရောက်လာ၍ အပွနားက ယူပြီး ငှဲ့နေစဉ် ကျွန်တော်က ကျပ်တန်တစ်ရွက်ထုတ်ပြ၍ ...

"ကဲ ...ကိုမြဟန် အမြီးလုပ်ဦးဗျာ"

ယင်း၌ အပွနားသည် ရုတ်တရက်တစ်ခုခုကို ပြန်သတိရဟန်ဖြင့် သူ၏ဖြူဖွေးသော သွားများပေါ်အောင်ပြုံးလျက် ...

"ဟော့ ...မြဟန်၊ ကြင်ဆွေက ကြက်အမြစ် ကြိုက်တယ်ကွ ...၊ ကြက်အမြစ်ကြီးကြီးနဲ့ ငါ့ဖို့တော့ ခြေထောက်ရိုးပဲ ဝယ်ခဲ့ပါကွာ။ ဂေါ်ရင်ဂျီပီပီ ခြေထောက်ရိုးပဲ ဝါးပါ့မယ်။ ဟားဟား ...ဟား...ဟား"ဟု ပြောသည်၌ ကိုမြဟန်ကရော ကျွန်တော်ပါ နားလည်ကာ အားရပါးရ ရယ်မောကြပါတော့သည်။

အတိတ်က ဖြစ်ရပ်ကား လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကပဲပေါ့။

တစ်နေ့သော ညနေရီတမှောင်၌ ကျွန်တော်နှင့် ကျွန်တော့်မြင်းလှည်းဒရိုင်ဘာ ကိုမြတ်သာသည် ထိုနေ့အဖို့ လုပ်ငန်းကုန်ဆုံးပြီး နေ့တွက်ကိုက်ပြီဖြစ်၍ အပန်းတော်ဖြေအံ့ဟု၍ ဓနိရည်ဆိုင်ရှေ့မှာပင် မြင်းလှည်းထိုးရပ်လိုက်သည်၌ ဤသို့လျှင် ဘုံဆိုင်တံစက်မြိတ်အောက်မှာပင် ကိုမြဟန်နှင့် အပွနားတို့ ဖြိုးနေနှင့်

mgyoe.com

mgyoe.com

ကြပြီကို တွေ့၍ ကျွန်တော်တို့နှစ်ယောက်ပါ ဝင်ဝိုင်းလိုက်သည်။ တစ်ယောက်တစ်လှည့် တစ်ပုလင်းစီ ဆွဲကြလျက် အတန်ငယ်မူးလာကြသည်၌ အပွနားက ခုညဒီဆိုင်မှာတင် အပြီးမသောက်ကြဘဲ သူ့အိမ်ရောက်မှ ဆက်လက်သောက်ကြရန်၊ ထိုနေ့ညနေက လမ်းထဲက ကြက်ဖကြီးတစ်ကောင် ခွေးကိုက်၍ သူအချောင်ရထားသဖြင့် ယခု သူ့မိန်းမက ချက်နေပြီဖြစ်ကြောင်း ပြောသဖြင့် ကျွန်တော်တို့သည် ပုလင်းပေါင်ပေး၍ ဓနိရည်ပုလင်းများဆွဲကာ အပွနားအိမ်သို့ ကျွန်တော်တို့ မြင်းလှည်းနှင့်ပင် တပျော်တပါးကြီး ယွန်းခဲ့ကြသည်။

အပွနားတို့အိမ် ရောက်သည်၌ သူ့မိန်းမ မငွေစိန်သည် ဟင်းလည်းချက်ပြီးပြီ။ တော်တော်လည်း မူးနေပြီဖြစ်၍ ကုလားမူ၊ ကုလားချွဲဖြင့် တော်တော်ပဲလေများနေလေပြီ။

မဟူရာခဲ၊ သပိတ်ကွဲ၊ အိုးမဲက အစ်မခေါ်ရသော ကုလားမတို့အား'မငွေစိန်' ဟု အမည်ပေးကြသည်မှာ ကျွန်တော်တို့၏ ခမ္ဘတာ။ သူ့ကိုယ်သူ 'ကိုလှ'ဟု နာမည်ပေးထားသော အပွနားကလည်း နှစ်သက်သည်ဖြစ်၍ ကျွန်တော်တို့ရောက်သွားသည်ဆိုလျှင်ပဲ ...

"ဟော့ ...မငွေစိန် စကားသိပ်များမနေနဲ့။ ဒီမှာ ငါ့သူငယ်ချင်းတွေပါလာတယ် ...ဟင်းခတ်စမ်း ..."

မငွေစိန်က ဆာဒီကားယားနှင့် လက်တား၍ ...

"ကိုယ့်ဟာကိုယ် ခတ်ပြီးမျိုဆို့တော်မူ ...ကျုပ်တော့စားလည်း ပြီးပြီ။ မူးလည်းနေပြီ"ဟု စက်ရာထဲ လဲလျောင်းတော်မူ၏။

ထိုအခါ ကိုလှခေါ် အပွနားက "ကုလားမကြီး အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မုလဆိုတာ နင့်လိုဟာမျိုးနေမှာပဲ"ဟု အမြီးအမောက်မတည့် ပြောချင်ရာပြောပြီး သူ့ဟာသူ ဟင်းအိုးထဲသွားခတ်၏။ ပါလာသည်များမှာ အသဲ(သည်း)၊ အမြစ်နှင့် ခြေထောက်ရိုး၊ တောင်ပံရိုးနှင့် အခြားအသားစများဖြစ်လေရာ အကောင်းကြိုက်သော ကျွန်တော်က အမြစ်အသဲ(သည်း)တစ်တွဲကို လှမ်းဆွဲလိုက်ပြီး ..."ကိုယ့်တော့ ဒါပဲစားမယ်ဟေ့ ...အပွနားတို့က ဂေါ်ရင်ဂျီပဲ ခြေထောက်ရိုး ဝါးလကွာ..." ဟု ပြောလိုက်ပြီး ရေနံမီးရောင် မှောင်တောင်တောင် မလင်းတလင်း၌ အမြစ်တုံးကို မူးမူးနှင့် ကျွန်တော်ကိုက်လိုက်တော့ ...တောက် ...လားလား ကြက်ချေးတွေ ပါးစပ်ထဲ ထွက်လာ၏။

ထွီ ...ထွီ ...ထွမ်...ထွမ် နှင့် အော့အန်ပြီး မငွေစိန်အား ခြေနှင့်ကန်နှိုးပြီးတော့ ...

mgyoe.com

mgyoe.com

"ဟုတ်တယ် အကို၊ ကျွန်မ မူးနေတာနဲ့ အမြစ်ထဲက ချေးခွဲမထုတ်လိုက်မိဘူး ထင်တယ်"

ဤနေရာ၌ အပွနားတို့၊ ကိုမြဟန်တို့၊ ကိုမြတ်သာတို့ ပွဲကျကြကုန်၏။ ကိုမြတ်သာကား ၁၉၅၂ ခုနှစ်လောက်ဆီက သူ့ကိုယ်သူ သတ်၍သေခဲ့ပြီ။ ယခု ဤအကြောင်း ပြန်ပြောင်းသတိရကြမည့် သူများကတော့ ဒီအပွနားနဲ့ ကိုမြဟန်တို့ပဲ ပေါ့။ ဒါကြောင့် သူတို့ ဤအကြောင်းပြော၍ ရယ်မောကြပြီးနောက် အပွနားက လွမ်းဆွေးတစ်ပုဒ်ရွတ်ဆို၏။

"မငွေစိန် မရှိတော့တာ နာတယ် ကြင်ဆွေရာ၊ သူ့အားကြီး ဟင်းချက်ကောင်းတယ်"

(မငွေစိန်လည်း ကက်စ်ဘီခေတ်က ဆုံးခဲ့သည်။)

ကျွန်တော်က ဟိုရှေးက အဖြစ်အပျက်ပြန်တွေး၍ အော်ကလီဆန်ဆန်နှင့် "အားကြီးကောင်းတယ် ...ထွီး ...ကြက်မြစ်ထဲက ကြက်ချေးတောင် ထုတ်ရမှန်းမသိဘဲနဲ့"

"ဟ ...ဒါက သူမူးနေလို့ကိုကွ။ ကဲ ...မငွေစိန် ဝက်ခေါင်းချက်တာတော့ နီးတူးပဲလို့ မင်းပဲပြောတယ် မဟုတ်လား"

"အင်း ...ဟုတ်ပါတယ်။ ဂေါ်ရင်ဂျီချက်တော့ ကောင်းပါတယ်"

"ဟ ...ကြင်ဆွေ ဂေါ်ရင်ဂျီမ ဂေါ်ရင်ဂျီချက်မကောင်းလို့ တရုတ်ချက်ကောင်းနေရဦးမှာလားကွ ...ထပ်သရီးတဲ့ ထွီ"

တံတွေးကို ဂေါ်ရင်ဂျီထွေး ထွေး၍ နှုတ်ခမ်းမွေး သပ်လိုက်ပါတယ်။

အပွနားသည် မြန်မာလို ဤမျှ ရေရေလည်လည် ပြောနိုင်ဆိုနိုင်သော်လည်း ဂေါ်ရင်ဂျီပီပီ ပေါ်ရင်ဂျီလိုပဲ ကဗ္ဗလာနှင့် ဒိုဘီနှင့်ဝတ်သည်။

"ဒိုဘီကုလားဟာ ...ဒိုဘီကုလားလိုဝတ်မှ ဒိုဘီလို ဆက်ဆံကြမှ၊ တို့ဒိုဘီအလုပ် ကောင်းမယ်မဟုတ်လားကွ"

သူ့ဆောင်ပုဒ်သည် မဆိုးပါချေ။ မငွေစိန်လည်း သေသည်အထိ ကုလားမလို ဝတ်သွားခဲ့၏။

ဟုတ်၏။ ယခုမှ သတိပြန်ရသည်။ မငွေစိန်သည် ဝက်ခေါင်းကို အရိုးအသားလွှာမနေဘဲ လက်သုံးသစ်ကွင်း၊ လေးသစ်ကွင်း အတုံးကြီးကြီးတွေ ခုတ်ကာ ဂေါ်ရင်ဂျီမဆလာနှင့် ပျစ်ပျစ်ချက်ထားသည်ကိုး။ အသောက်သားများအဖို့ ကိုက်၍ကောင်း၊ ဖဲ့၍ကောင်း၊ ဆွဲ၍ကောင်း၊ ဝါး၍ကောင်း၊ စား၍ကောင်း နှာသီးဖျားနှင့် နားရွက်သားကလေးများ ခဲလိုက်ရ ထုတ်ထုတ်ထုတ်ထုတ်နှင့် ဒါပြန်

mgyoe.com

mgyoe.com

သတိရသည်နှင့် ...။

"ဟော့ ...အပွနား မငွေစိန်ချက်တဲ့ ဝက်ခေါင်းဟင်းမျိုး စားချင်သေးတယ်ကွာ"

"အား ...စားချင်ရင်ရတယ်ကွ။ ဟိုဘက်က အရက်ဆိုင်ကြီးမှာ ရှိတယ်။ ဂေါ်ရင်ဂျီချက်ပဲ၊ မင်းစားချင် အဲဒီသွားမယ်ကွာ ..."ဟု ပြောရင်း ကျွန်တော့် တက်ထရွန် အင်္ကျီအိတ်ထဲမှ ဆယ်တန်စိမ်းစိမ်း အခေါက်ကြီးကို ကြည့်၍ ...

"မင့်မှာ ပိုက်ဆံတွေအရှိသားပဲ။ တို့လည်း အရက်တိုက်ပါလားကွာ...ဟင်"

ဂျပန်ခေတ်က ခနိရည်နှင့် စခဲ့ကြသည်မှန်သော်လည်း ယခုအချိန်၌ အသောက်ဝါရင့်ကြ၍ အရက်သမားဖြစ်ကုန်ကြပြီကို အထူးပြောစရာ မလိုတော့ပါ။ ယခု ကိုမြဟန်နှင့် အပွနားတို့ ခနိရည်ချနေရသည်ကား တစ်ပုလင်းသုံးကျပ်နှစ်ဆယ့်ငါးပြားတည်းဟူသော အသပြာကို မတတ်နိုင်ကြ၍ ဖြစ်၏။

ထိုအချိန်၌ ကျွန်တော့်အိတ်ထဲ ငွေသုံးလေးဆယ်ပါခဲ့သည်ဖြစ်သောကြောင့် မိတ်ဟောင်းဆွေဟောင်းများအား သူတို့၏ လောကနိဗ္ဗာန်ပို့မည်ဟု။

"ကဲ ...ကောင်းပြီ ဒီခနိရည်လေး နှစ်ပုလင်း ရှင်းလိုက်ကြ၊ အဲဒါကုန်တော့ သွားကြတာပေါ့"

သူတို့လို ခနိရည် ဟဲနေရသူများအား ချက်အရက်ဆိုင် ပို့မည်ဆိုတော့ ကျွန်တော်တို့ အရက်သမားများအား ဝီစကီနှင့်ဟိုတယ်သို့ ပင့်ခေါ်သည်နှင့် မခြားပေ။

မျက်လုံးပြူးပြူး၊ မျက်ကွင်းကျယ်ကျယ်၊ မျက်နှာဝိုင်းဝိုင်းကြီးနှင့် ကိုမြဟန်၏ မျက်နှာမှာ ပို၍ တောက်ပြောင်လာပေသည်။

ဤနေရာ၌ သူ့အကြောင်းကို ဖော်ပြရပါဦးမည်။

အင်္ဂလိပ်ခေတ် ကျွန်တော် ကျောင်းသားဘဝတည်းကပင် သူ့စမ်းချောင်းထဲမှာနေ၍ မြင်းလှည်းမောင်းလာလိုက်တာ ဗိုလ်ချုပ်ကြီးအိမ်စောင့်အစိုးရလက်ထက် မြင်းလှည်းတွေ ပိတ်ပင်ပစ်သည်အထိ၊ သူ၏ အသက်မွေး ...အဲ ...အရက်မွေးဝမ်းကျောင်း အလုပ်ဖြစ်ပေသည်။ သူသည် အရက်ကို အင်မတန်ကြိုက်လှ၏။ သူလူ့ပြည်မှာနေသည်မှာ အရက်သောက်ဖို့ကလွဲ၍ ဘာရည်ရွယ်ချက်မှ မရှိ။ မိုးလင်းကတည်းက အရက်သောက်ဖို့ ရှာကြံပြီး၊ မိုးချုပ်သည်၌ အရက်မူးပြီးအိပ်ဖို့မှာ သူ၏ တစ်ခုတည်းသော ဘဝလမ်းစဉ်ကြီးဖြစ်တော့၏။

သူသည် ယခု အသက်(၆၀)ချဉ်းသည်အထိ မည်သည့်အခါတုန်းကမှ

mgyoe.com

mgyoe.com

အိမ်ထောင်မပြုခဲ့ချေ။ သူ့လို ရသမျှ သောက်စားနေသော အရက်သမားကိုလည်း ယူမယ့်သူမရှိ၊ သူကလည်း မည်သူ့ကိုမျှ မရည်ရွယ်။ သူ့မှာ အိုးအိမ်ရယ်ဟူ၍လည်း ဘယ်တုန်းကမှ မရှိခဲ့။ သူမြင်းလှည်းမောင်းသော အိမ်က မြင်းဇောင်းထဲ၌လည်းကောင်း၊ အိမ်ရှေ့လှေကားပြင်၌လည်းကောင်း၊ အိမ်မပြန်နိုင်လောက်အောင် ဖိမ်တွေနေသောနေ့များဆိုလျှင် သစ်ပင်တစ်ပင်အောက်၌လည်းကောင်း၊ လမ်းဘေးပလက်ဖောင်းပေါ်၌လည်းကောင်း၊ အိပ်စက်ခြင်းကိစ္စကို ပြီးစေလေသည်။ အဝတ်ဆို၍လည်း သူကိုယ်တိုင်ဝယ်ခဲ၏။ သူမြင်းလှည်းမောင်းသော အိမ်က အကျအနများဖြင့် ပြီးသည်ကများ၏။ သူသည် ဤစမ်းချောင်းအရပ်သို့ ဘယ်အရွယ်က ဘယ်က ဘယ်လိုရောက်လာခဲ့သည်မသိ၊ ဆွေမျိုးဉာတိဟူ၍လည်း တစ်ယောက်မျှမရှိ၊ တကယ့်တစ်ကောင်ကြွက်စစ်စစ် ဖြစ်၏။

ယင်းသို့လျှင် ကိုမြဟန်သည် တစ်သက်နှင့်တစ်ကိုယ် သူများထံမှာချည်း မြင်းလှည်းကျွန်အဖြစ်နှင့် ယနေ့ရသောပိုက်ဆံ နောက်တစ်နေ့ ရက်ကူးသည်မရှိဘဲ နေလာခဲ့ရာ၊ တစ်ရံရောအခါ၌ အံ့ဩဖွယ်ရာ လူ့ကံသည် ဆန်းကြယ်လှသည် အတိုင်း ကိုမြဟန်သည် တောင်ထိပ်ကြာပေါက် အနောက်နေထွက် ဆိုသကဲ့သို့ ရုတ်တရက် မြင်းပိုင်လှည်းပိုင်နှင့် ဖြစ်သွားလေ၏။

အသို့ဟူမူ သူသည် ဂျပန်များ အရေးရှုံးနိမ့်ခါနီး အချိန်၌ ဂျပန်စစ်တပ်က မြင်းလှည်းတစ်စီးကို မောင်းနေရာ၊ ဂျပန်များ ရန်ကုန်မြို့က ထွက်ပြေးရသည်၌ ဂျပန်စစ်ဗိုလ်သည် ဤမြင်းလှည်းကို ကိုမြဟန်အား ရက်ရောစွာ ပေးအပ်ပစ်ခဲ့၏။ ဤမြင်းနှင့်လှည်းသည် ပထမတန်းစားထဲက ဖြစ်၏။

ထိုအခါ ကိုမြဟန်သည် သူ့မြင်းနှင့်လှည်းကို ထားဖို့လိုလာပြီဖြစ်ပေရာ။ အိမ်ရာက မရှိသည့်အတွက် မြင်းလှည်းသမားတို့နှင့် သဟဇာတဖြစ်ရာ၊ ပန်းပဲဖိုတစ်ခု၏ရှေ့ ကုက္ကိုပင်ကြီးအောက်၌ သူ့မြင်းလှည်းကိုထား၍ သူကတော့ ပန်းပဲဖိုထဲက ကွပ်ပျစ်တစ်ခုပေါ်မှာ အိပ်စက်လေသည်။ သူဤမြင်းနှင့်လှည်းရသည်မှာ နွေရာသီဖြစ်၍ မိုးကျလောက်မှ မြင်းမအတွက် သင့်လျော်ရာ တစ်နေရာရာတွင် မြင်းဇောင်းဆောက်မည်ဟု စိတ်ကူးထား၏။

သို့သော် သူ့မြင်းမ ဂျပန်မ(သူပေးထားသည့် နာမည်)မှာ မိုးတွင်းရောက်အောင် သက်ဆိုးမရှည်ရှာချေ။

အကြောင်းမှာ တစ်သက်လုံးမှ သူများ၏ မြင်းလှည်းကျွန်ဖြစ်လာခဲ့သော ကိုမြဟန်သည် ယခု မမျှော်လင့်ဘဲနှင့် မြင်းလှည်း(သူတို့အများသုံး) 'အုံနာ'ဖြစ်လာလာတော့ အုံနာ၏ စည်းစိမ်ကို သူခံစားချင်ဟန်တူ၏။ သူကိုယ်တိုင် မမောင်းတော့

mgyoe.com

mgyoe.com

ဘဲ ဒရိုင်ဘာနှင့်လွှတ်ထားလိုက်လေတော့၏။ သူကတော့ နံနက်ထွက်စ မြင်းလှည်းပေါ် ခဏလိုက်ထိုင်ပြီး ပိုက်ဆံကလေး ပုလင်းဖိုးရသည်ဆိုလျှင်ပင် အရက်ဆိုင်မှာ ဆင်းကျန်ခဲ့တော့၏။

ကိုမြဟန်သည် အရက်လည်း အမြဲတမ်းမူးနေသည်။ သူ့ကို တစ်သက်လုံး မည်သူကမျှလည်း လေးစားကြသည် မဟုတ်သောကြောင့် သူမောင်းခိုင်းသော ဒရိုင်ဘာကောင်ကလေးကလည်း အခိုးသန်သန်နှင့် အများဆုံး ဖုံးရအောင် မြင်းမကို မညှာမတာ ခိုင်းရကား မိုးဦးမကျမီပင် ဂျပန်မ နာလံမထနိုင်သော လဲခြင်းဖြင့် အမိုးဗလာ အကာမဲ့သော လမ်းဘေးကုက္ကိုပင်အောက်မှာ လဲလေ၏။

ထိုအချိန်၌ ကက်စ်ဘီခေတ် ရောက်နေပြီ။ အင်္ဂလိပ်ငွေနှင့် ထောင့်လေးငါးရာတန်သော ထိပ်တန်းမြင်းမတစ်ကောင် သေဆုံးသော်လည်း ကိုမြဟန်သည် မည်သို့မျှ နမြောသတဟန်မပြ၊ အရက်ကလေး တမြမြနှင့်ပင်။ မြင်းသားကို အဆေါင်းအသင်း အရက်ပုလင်းများနှင့် စည်ပင်စွာပင် ဝိုင်းဝန်းခုတ်ဖျက်၍ ရောင်းချလိုက်သေးသည်။ ထို့နောက် လှည်းကို တစ်ထောင်ကျော်ကျော်နှင့် ရောင်းလိုက်ပြန်ကာ တစ်လကိုးသီတင်းမျှ ဖြိုးဖြိုးဝေနေသေး၏။

ဤမှ တပြီးကား... ကိုမြဟန်သည်ပိုနေမြဲ၊ ကျားနေမြဲအတိုင်း ဒုံရင်းပြန်ရောက်ကာ သူများအိမ်မှ မြင်းလှည်းကျွန်ပင် ပြန်ဖြစ်လာခဲ့လေရာ နောက်ဆုံးရန်ကုန်ဇရိယာ၌ မြင်းလှည်းမောင်းခြင်းကို ပိတ်သည်အထိ။

ယခုအချိန်ကား ကိုမြဟန်သည် မြင်းလှည်းမောင်းခြင်းမှ တစ်ပါးအခြားဘာမျှလည်း မလုပ်တတ်၊ လုပ်လည်းမလုပ်ချင်၊ သားမယားတာဝန်လည်း မရှိလေသောကြောင့် မိမိကိုယ်တည်းတစ်ယောက်၊ အသောက်ကလေးရဖို့နှင့် ဖြစ်သလိုအစာကလေး ဝဖို့သာလိုသဖြင့် မိတ်ဆွေငယ်ပေါင်း ရောင်းရင်းကြီး အပွနားအိမ်မှာပင် အဝတ်ကူရိုက်၊ မီးပူတိုက်ဖြင့် သူ၏ကျန်သည့်ဘဝတာကို ခိုအောင်းနေခြင်းဖြစ်လေသည်။

ကိုမြဟန်သည် တစ်ခုဉာဉ်ကောင်းရှိသည်မှာ မရှိဆင်းရဲသားအသောက်သမားပင်ဖြစ်သော်လည်း ဘယ်ပစ္စည်းကိုမျှ ခြေဆော့လက်ဆော့မလုပ်၊ မရှိလျှင်တောင်းသည်၊ မြင်းလှည်းမောင်းရင်း သူသောက်လာခဲ့လျှင် ကျွန်တော် ဘယ်လောက်ဖိုးတော့ သုံးလာခဲ့တယ်ခင်ဗျာ၊ ကျွန်တော့် အခထဲက လျှော့ပေးပါဟု ပြောတတ်၏။

အပွနားလည်း ယခုအချိန်မှာ သားမယားလည်းမရှိ၊ တစ်ကိုယ်တည်းဖြစ်နေရာ ကိုမြဟန် သူနှင့်လာနေခြင်းသည် ငါးထမ်းရွက်နှစ်ခု ပေါင်းမိခြင်းတည်း။

mgyoe.com

mgyoe.com

သူတို့၏စီးပွားရေးမှာ နက်ဖြန်ခါအတွက်မရှိ၊ ယနေ့ရတာ ယနေ့သောက်စားပစ်၍ နက်ဖြန်ခါအတွက် မနက်မှတစ်ဖန်အလုပ်ဆက်မည်။ ပိုက်ဆံများများမရှိလျှင် ခနိရည်လောက်ဖြင့်ပြီး၍၊ ရှိလျှင်ကား ချက်ဆိုင်ကြီးမှထွက်ပြီး လမ်းဘေးလဲသည်အထိ…

ထိုနေ့ ကျွန်တော်နှင့် တွေ့ရသောအချိန်သည် ခနိရည်ဆိုင်တွင် ဖြစ်၍ သူတို့ ဂိုင်မတောင့်မှန်း ထင်ရှားသည်။ ယခု ကျွန်တော်က ချက်ကြီးမှာ ဒကာခံမည်ဆိုတော့ သူတို့အလွန်ဝမ်းသာနေကြသည်။ ကျွန်တော်သည် မိမိစကားအတိုင်း ခနိရည် နှစ်ပုလင်းရှင်းသွားသောအခါမှ မလှမ်းမကမ်းရှိ ချက်ဆိုင်ကြီးသို့ သူတို့နှင့်အတူ ယွန်းခဲ့တော့၏။

ရောက်လျှင် အပွနားအား အကြီးတစ်လုံးဆွဲစေလျက် ကိုမြဟန်အား ဂေါ်ရင်ဂျီဝက်ခေါင်းဟင်းဖိုးကို ထုတ်ပေးရင်း "ကိုမြဟန် ကျွန်တော်ကြိုက်တာကတော့…" ကျွန်တော့်စကားမဆုံးသေးမီ ကိုမြဟန်ကဖြတ်၍…

"အောင်မလေး… ကိုကြင်ဆွေ၊ ခင်ဗျားကြိုက်တာတွေ ကျွန်တော်မမေ့သေးပါဘူးဗျ။ ဝက်နှာသီးဖျားရယ်… နှာခေါင်းရိုးရယ် မဟုတ်လား"

ကျွန်တော် ရယ်မောလိုက်ရတော့သည်။

ဟုတ်ကဲ့ … ကျွန်တော် မြင်းလှည်းသမားဘဝ အရက်ဆိုင်များ၌ ဂေါ်ရင်ဂျီချက်ဟင်းတွင် ကြက်သားကို အမြစ်နှင့် တောင်ပံရိုး၊ ဝက်ခေါင်းဟင်းဆိုလျှင် နှာသီးဖျားနှင့် နှာခေါင်းရိုး၊ ၎င်းနှာခေါင်းရိုးအောက်ဖက်တွင် ဝက်အာခေါင်သားပါလေရာ၊ ဇတ်တောက် …ဇတ်တောက်နှင့်ဝါး၍ ကောင်း၏။ နှာသီးဖျားကကိုက်လျှင် ဇင်းခနဲ…ဇင်းခနဲ နေ၏။ မယုံ … မိတ်ဆွေစားကြည့်ပေ့။

မကြာမီအတွင်း ကျွန်တော်တို့သည် အမြည်း အရက်ကို အသီးသီးနှက်ကြရင်း ရေးဟောင်းနှောင်းဖြစ်ကို စကားကောင်းနေကြရာမှ အပွနားက …

"ဟေး … ကြင်ဆွေ၊ ကိုမြဟန်က ပြောတယ်၊ မင်းယွတ်ယှပြေကို ရောက်ခဲ့တယ်ဆို"

"အေးလေကွာ …"

"အဲဒီမှာ ခနိရည်ကောင်းလားကွ"

"ဟ… သူတို့ပြည်မှာ ခနိရည်မရှိဘူး"

"ထန်းရေကော …"

"အဲဒါလည်း မရှိဘူး …"

"ဟ ကြင်ဆွေရ လူ့ပြည်မှာ ထန်းရည်နဲ့ခနိရည်မှ မရှိဘူးဆိုရင်ဖြင့်

mgyoe.com

mgyoe.com

နိယာမ... ဒင်္ဂါး၊ အဲဒီတိုင်းပြည် ဘာလုပ်တော့မှာလဲကွ ... ထို ..."

"အပွနားရ သူတို့တိုင်းပြည်မှာက ခနိပင်၊ ထန်းပင်၊ အုန်းပင်မရှိဘူးကွ..."

"ဟ...ဒါဖြင့် သူတို့လူမျိုးတွေ ဘာသောက်နေကြတုန်း၊ စိမ်ရည်နဲ့ချက်ပဲ ဟဲနေကြရတော့မှာပေါ့ ..."

"တို့ စိမ်ရည်ဆိုတာက ကောက်ညှင်းကိုပေါင်းပြီး ဆေးနဲ့နှပ်တာ မဟုတ်လား ..."

"အေးလေကွာ..."

"အဲ...သူတို့တိုင်းပြည်မှာက ကောက်ညှင်းလည်း မရှိဘူး၊ တို့ထမင်းစားတဲ့ ဆန်လည်းမထွက်ဘူးကွ..."

အပွနားလွန်စွာ အံ့သားသင့်ကာ ...

"ဟ ... နိယာမ ...ဒင်္ဂါး၊ ဒါဖြင့် ထန်းပင်လဲ မရှိဘူးဆိုတော့ ထန်းလျက်အရက်လည်းမရှိဘူး၊ ခုလိုကောက်ညှင်း အရက်၊ ဆန်အရက်လည်း မရှိတော့ဘူးဆိုတော့... အင်္ဂတ်တိုင်းပြည်ပါလားဟ။ သင်းတို့ပြည်သားတွေ အရက်မသောက်ကြရတော့ဘူးလား၊ အဲဒီတိုင်းပြည်မျိုးတော့ ဘယ်တော့မှ လူမဖြစ်ပါရစေနဲ့ကွာ ကြင်ဆွေရာ ...ငါ့လခွီးတဲ့ ..." ဆိုပြီး ကိုမြဟန်ဘက်လှည့်၍ "ဟေ့...မြဟန် မင်းလည်း အဲဒီတိုင်းပြည်သွားနေဆို နေမယ်လား..."

ကိုမြဟန်က ခေါင်းကို တွင်တွင်ကြီးရမ်းခါလိုက်သည်။ စင်စစ် သူတို့နှစ်ယောက်စလုံးကား ဘာမျှမတတ်၊ ဘာဗဟုသုတမျှ မရှိကြ၍ ကျွန်တော်က ရှုရှုပြည်၌ သောက်ရသည့် အရက်များ၊ ဝိုင်များအကြောင်းရှင်းပြမည်ကြံနေစဉ် အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသမှ တကယ် ဒိန်းဒေါင်းက ဖျက်...။

ဒိန်း...တတ်တတ်...ဒိန်း...ဒိန်း၊

ဒိန်း...တတ်တတ်...ဒိန်း...ဒိန်း၊

အရက်ဆိုင်နှင့် မလှမ်းမကမ်းတွင်ရှိသည့် ဗားကရာလမ်းမကြီးမှာ ဂေါ်ရင်ဂျီမသာ ချလာသည်။ ဤအသံကြားသည်ဆိုလျှင် အပွနားသည် ကျွန်တော်တို့နှင့် စကားပြောရပ်လိုက်ကာ နှုတ်ခမ်းမွေးများ ထောင်လာလျက်..."

"ဟေ့...မြဟန်... ဒါ ဂေါ်ရီးယားကြီးမိန်းမ မသာချလာတာကွ... ငါအစက ခနိရည်နည်းနည်းစီ သောက်ပြီး အဲဒီမသာသွားမလို့ကွ...အခု ကြင်ဆွေနဲ့တွေ့နေတာနဲ့ ငါမေ့နေလို့၊ တို့ဝင်မကူရင် မကောင်းဘူး၊ သင်္ချိုင်းမှာ ကြက်သုံးကောင်လွှတ်မယ်လဲ ပြောတယ်..."

ဒိန်း...တတ်တတ်...ဒိန်း...ဒိန်း၊

mgyoe.com

mgyoe.com

ဒိန်း…တတ်တတ်…ဒိန်း…ဒိန်း၊

တီးသံကား တဖြည်းဖြည်း နီးလာသည်။ ကျွန်တော်တို့ဝိုင်းမှာ အရက်ပုလင်းကြီး နှစ်လုံး(ကျွန်တော်က နည်းနည်းပါ) ကုန်၍ အပွနားတို့တော်တော် အရှိန်ရနေပေပြီ။

ဒိန်း…တတ်တတ်…ဒိန်း…ဒိန်း၊

ပျော်ပျော်ပါးပါး အကအခုန် မသာချလာသည့် လူစုကိုမြင်ရသည်နှင့် တစ်ပြိုင်နက် အပွနားသည် ထိုင်ရာမှ ဈွေ့ခနဲ ထလိုက်ကာ…

"လာ…မြဟန်ရေ …ကြင်ဆွေ မင်းရောလိုက်ပါလားကွ၊ တို့နဲ့ပျော်ရအောင် …"ဆိုပြီး တစ်ခါတည်း ပြေးထွက်သွားလေရာ ကိုမြဟန်လည်း တစ်ပါတည်း လိုက်သွားလေ၏။

ခဏအတွင်း သူတို့သည် အခြားကုလားများနှင့် ရောစ၍ကရင်း မသာရှေ့မှ ပါသွားကြလေ၏။

မသာချရာ၌ ပျော်ပျော်ပါးပါး ကခုန်၍ ချကြသည်မှာ ကမ္ဘာပေါ်တွင် သူတို့ လူမျိုးမှတစ်ပါး အခြားလူမျိုး ရှိပါလေသေးစ။

တကယ်တော့ ပျော်စရာကောင်းသော မသာမျိုးပါပေ။ ကသောသူများမှာ အရက်ကို ထွေနေအောင်သောက်ထားကြလျက်၊ သင်္ချိုင်းရောက်သောအခါ နနွင်းဆိုးထားသော ကြက်အရှင်များကို လွှတ်မည်။ ဒီတော့ လိုက်ပြီး ဝိုင်းရိုက်ကြကာ အိမ်ပြန်၍ ချက်ပြုတ်ကြလျက် အရက်နှင့်စားပွဲထိုင်ကြဦးမည်။

အပွနားနှင့် ကိုမြဟန်တို့သည် ယခုကျွန်တော်တိုက်ထား၍လည်း မူးနေပြီဖြစ်ရာ ထိုည မသာက ကြက်သားနှင့် မသာ့ရှင်၏ အရက်နှင့်ဆိုလျှင် သူတို့သည် အိမ်ပြန်ရောက်ကြတော့မည်မဟုတ်။ သစ်တစ်ပင်အောက်၌လည်းကောင်း၊ လမ်းဘေး ပလက်ဖောင်းပေါ်၌လည်းကောင်း သူတို့၏ တစ်ညတာ စည်းစိမ်ကို ခံစားကြပေတော့မည်။

သူတို့၏ဘဝတာမှာ စီးပွားရေးအတွက်လည်းကောင်း၊ အစားအသောက် အနေအထိုင်အတွက်လည်းကောင်း ဘယ်အတွက်မှ ပူပင်ကြောင့်ကြမရှိခဲ့ရကြ။

ဒိန်း…တတ်တတ်…ဒိန်း…ဒိန်း။

ဤအသံနှင့်အတူ သူတို့သည် သင်္ချိုင်းသို့ ကရင်း ပါသွားကြပေပြီ။

သြော်…ကိုယ့်ဘဝကိုယ် ကျေနပ်မှုသည် ကောင်းခြင်းတစ်ရပ်ပါကလား။

* * * * *

mgyoe.com

mgyoe.com

မာနနှင့် ကာလ

ဝင်ရိုး လှည်းဆိတိုး၍ ဘီးနှစ်ခုတွင် စွပ်ပြီးနောက် လှည်းတံတင်၊ ဝင်ရိုးတွင် ဝက်စွယ်စွပ်၊ ဇင်တုံးဆင့်၊ ထို့နောက် လှည်းတံ(လက်တံ) အဖျားမှာ စည်းကုံးနှင့် ထမ်းပိုးစွပ်၍ လှည်းဦးငှက်ကို သပ်ဖြင့် ကြပ်စွာရိုက်ပြီး သကာလ လှည်းတစ်စီးတပ်ဆင်ပြီးရန်မှာ ကယ့်အိမ်နှင့် ဆောင်ပန်းတင်ဖို့သာ ကျန်ပေတော့သည်။

"ဟော့...မောင်သင်လေးရေ... မောင်သင်လေး..."

ကယ့်အိမ်တင်ရန်မှာ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်တည်းနှင့် မပြီးမြောက်နိုင်သောကြောင့် မျက်စောင်းထိုးအိမ်မှ သူငယ်ချင်းကို ခေါ်လိုက်ရသည်။

သူလည်း အိမ်မှာအသင့်ရှိနေ၍ ...

"ဟေ ... ဘာတုန်း ဖိုးအောင်..."

"ဒီမှာခဏလာကူစမ်းပါကွာ ... တို့ချည်း မနိုင်လို့..."

"ဘာများတုန်းဟ ..."ဆိုပြီး မကြာခင် သူရောက်လာ၍ ...

"ဟ...ဟ...မင်းတို့ဟာ အချိန်အခါမဟုတ်၊ လှည်းဆင်နေပါလား ... ဘယ်များ သွားကြမလို့တုန်း..."

မှန်ပါသည်။ ဤရာသီမှာ ကျွန်တော်တို့ ရွာတွင် လှည်းမဆင်ရသေးပါ။ လယ်များမရိတ်သိမ်းရသေး၍ လှည်းလမ်းမပေါက်သေးပါ။

ကျွန်တော်တို့ လယ်သမားထုံးစံမှာ မိုးဦးကျသည်နှင့် တစ်ပြိုင်နက် လှည်းကိုဖြုတ်၊ ဝင်ရိုး၊ ထမ်းပိုး၊ လှည်းဘီး၊ လှည်းတံ၊ ဝက်စွယ်ဇင်တုံး၊ ကယ့်အိမ်၊ ဆောင်ပန်း စသည်တို့ကို မိုးလုံရာအိမ်အောက်၌လည်းကောင်း၊ နွားတင်းကုပ်ထဲ၌လည်းကောင်း၊ အဆင်သင့်သလိုထားပြီးနောက် ကောက်ရိတ်ချိန်ကျမှ တစ်ဖန်ပြန်ဆင်ကြရပါသည်။

ယခုကျွန်တော်တို့ လှည်းဆင်နေကြသည်မှာ တန်ဆောင်မုန်းလပြည့်ကျော်မျှရှိသေး၍ ရွာပြင်သို့ လှည်းမထွက်နိုင်သေးပါ။ ရွာဝက ရွံ့ဗွက်ကြီးသည်မခြောက်သေး။ ရွာထဲတွင်သာ ဟိုနားသည်နား သွားနိုင်ပေမည်။ ယခုကျွန်တော်တို့ လှည်းဆင်နေကြသည်မှာလည်း ကျွန်တော်တို့အပိုင်းမှ မြောက်ပိုင်းသို့ ပို့စရာကိစ္စတစ်ခုရှိနေ၍...

ထို့ကြောင့် ကျွန်တော်က ...

"ဟော့...မောင်သင်လေးရ တို့ဘထွေးကြီး ကိစ္စလေကွာ ..."

သူလည်း ကျွန်တော်တို့ဘထွေးအကြောင်း ကြားပြီးနေ၍...

mgyoe.com

mgyoe.com

"ဟာ...ဒါဖြင့် မင်းတို့ဟာ မင်္ဂလာကိစ္စပါလား၊ ဟော့...ဟော့ သတို့သားကို ဒီအတိုင်းပို့လိုက်လို့ ဘယ်ဖြစ်ဦးမလဲကွ။ တို့သောက်ဖို့ စားဖို့လေးရအောင်"

"အဲဒါပါ မင်းတိုင်ပင်ဖို့ ခေါ်တာပေါ့ကွ"

ကျွန်တော်တို့သည် လှည်းဆင်ရင်း တီးတိုးတိုင်ပင်ကြပြီးနောက်...၏

"ကဲ မင်းနဲ့ ဗိုလ်ခိုက မမယ်သုံကြီး အိမ်ဟိုဘက်နားက လှည်းလမ်းကြပ်က စောင့်ပေါ့ကွ"

"အေး...ကောင်းပြီ"

ဤတွင် ကျွန်တော့်ညီ စိုးမောင်မျက်နှာသည် ပြုံးပြုံး...ပြုံးပြုံးနှင့် ဖြစ်လာပြီး...

"အစ်ကိုကြီး ဘထွေးကို နောက်ဖို့ စာချိုးရပြီ..."

"ဆိုစမ်းပါဦး မင်းစာချိုး"

"ယောက္ခမအိမ်ထက်၊ ခုမှတက်၊ သမက်အိုကြီး သေခါနီး..."

မောင်သင်လေးရော ကျွန်တော်ရော ရယ်မောကြကာ...

"မင်းဟာကောင်းသားပဲ ဒါပေမယ့် သူမင်္ဂလာယူမယ့်ကိစ္စမှာ 'သေခါနီး' ဆိုတာကတော့ မကောင်းဘူးကွ"

ကျွန်တော်အနည်းငယ် စဉ်းစားလိုက်ပြီး"ဒီလိုပြင်ကွာ...ယောက္ခမအိမ်ထက်၊ ခုမှတက်၊ သမက်အိုကလေး မောင်ဘအေး၊ သူ့နာမည်လည်းပါရော..."

ဟုတ်ကဲ့ ...ကျွန်တော်တို့ ဘထွေးနာမည်မှာ ကိုဘအေးဖြစ်ပါသည်။ ကျွန်တော်တို့ အဖေ၏ ညီတစ်ဝမ်းကွဲမို့ ကျွန်တော်တို့က ဘထွေး၊ နှုတ်မှထွက်တော့ 'ပထွေး' ဟု ခေါ်ကြပါသည်။

ဘထွေးကိုဘအေးသည် ယခု သမက်အဖြစ်နှင့် သူ့ယောက္ခမအိမ်ထက် တက်ရပေတော့မည်။ သို့သော် ဤသတို့သားကြီး အသက်မည်မျှရှိပြီထင်ပါသနည်း။ (၅၆)နှစ်ပါခင်ဗျာ။သားသမီး(၅)ယောက်ရှိလေရာ အကြီးဆုံးထွန်းစိန်မှာ ကျွန်တော်နှင့်ရွယ်တူ (၃၅)နှစ်၊ အငယ်ဆုံးသမီး ကျင်မြမှာ (၁၈)နှစ်၊ဤသမီးပျိုမှလွဲ၍ ကျန် (၄)ယောက်မှာ အိမ်ထောင်နှင့်ချည်းဖြစ်သောကြောင့် ကျွန်တော်တို့ဘထွေးကိုဘအေးမှာ သူ့ယောက္ခမအိမ်ထက် တက်သစ် သမက်ကလေးဖြစ်ရသည့်အချိန်တွင် ချွေးမတစ်စုံ၊ သမက်တစ်ရှဉ်းနှင့် မြေးက တစ်ဒါဇင်ကျော်ခင်ဗျာ။

ကိုဘအေးတို့အဖြစ်ကား ဆန်းပြားသည်။လွန်ခဲ့သော (၃၅)နှစ်ကျော်က ဇာတ်လမ်းကို မှတ်တမ်းတင်ရပေမည်။

ထိုစဉ် အသက် (၂၀)မျှရှိသော လူပျိုကလေး မောင်ဘအေးသည် ရွာ

mgyoe.com

mgyoe.com

မြောက်ပိုင်းက ကွမ်းတောင်ကိုင်မကလေး မလှဋ္ဌေးကို ချစ်ကျွမ်းဝင်ပါလေသည်။

ဘအေးနှင့် လှဋ္ဌေး နာမည်ချင်းလည်း နဘေထပ်၍၊ ရုပ်ချင်းလည်း ဂဟေစပ်သင့်ပါသည်။ သို့သော် ကွာခြားသည်ကား မလှဋ္ဌေးမိဘများမှာ သွပ်မိုးပျဉ်ထောင် အိမ်ကြီးနှင့် လယ်တွေခြံတွေနှင့် ပစ္စည်းဘောဂပြည့်စုံလှ၍ ကျွန်တော်တို့ ဘထွေး ကိုဘအေးမိဘများတွင်မူ လယ်ဝေးလို့ ကိုယ်ပိုင်ခြံကလေးမျှမရှိသဖြင့် သက်ငယ်မိုးထရံကာ အိမ်ကလေးနှင့် နေရပါသည်။

ကိုဘအေးမှာ သူများအိမ်တွင် သူရင်းငှားလုပ်ရပါသည်။

ထိုခေတ်က ကျွန်တော်တို့ ကျေးရွာဒေသတွင် တောသူဋ္ဌေးခေါ် လယ်ပိုင်ရှင်ကြီးများ၏ သားသမီးတို့ အိမ်ထောင်ရေးကို ပြောပြရပါဦးမည်။ မိမိဘာသာ ချစ်ကြိုက်ယူရတာ အလွန်ရှားလျက်၊ အချိန်တန် အရွယ်ရောက်လျှင် လူကြီးတို့ စီမံပေးသည့်အတိုင်းသာ လက်ထပ်ကြရပေသည်။

မိဘများ အိမ်ထောင်ရေးရွေးချယ်ရာမှာလည်း ပထမ ပစ္စည်းအင်အား၊ ဒုတိယ ရုပ်ရည်နှင့် စိတ်နေသဘောထား၊ တတိယ ဆွေမျိုးအသိုင်းအဝန်း။

ဤသုံးချက်အနက် ကိုဘအေးဘက်က ဒုတိယနှင့် တတိယကို မဲတင်းမယ်ဆို တင်းနိုင်သော်လည်း အရေးကြီးဆုံး ပထမအချက်မှာမှာကား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက် ရှိလေသည်။

မလှဋ္ဌေး အချိန်တန် အရွယ်ရောက်သည်၌ သူ့မိဘများထံမှ အသံထွက်လာသည်မှာ ရွှေတစ်ဆင်စာနှင့် လယ် (၁၅)ဧကေ လက်ဖွဲ့မည်ဖြစ်၍ ယောကျ်ားလေးဘက်က အနည်းဆုံး ဧကအစိတ်လောက်ပါရမည့် သဘောသက်ရောက်ပေသည်။

သို့သော် ကျွန်တော်တို့ ဘထွေး ကိုဘအေးမှာ နွားကလေး တစ်ကောင်မှ မဆောင်နိုင်သည်ဖြစ်ရကား၊ သမီးရည်းစား နှစ်ယောက်တို့၏ တားမရသောအချစ်ဖြင့် မလှဋ္ဌေးခိုးရာလိုက်ပြေးလေသတည်း။

နောင်မှ ပြန်အပ်၍ နားချမည် ကြံစည်ကြသည်။

သို့သော်... မလှဋ္ဌေး၏ဖခင် ဦးသာဒင်ကား မရရေးချ မရ။ မိဘဆွေမျိုး မျက်နှာ အိုးမဲသုတ်သောသမီး၊ တစ်သက်အပြတ်။ ငါ့မှာ သမီးရှိတယ်လို့ မပြောတော့ပြီ။ နင့်မှာ မိဘရှိတယ်လို့လည်း မအောက်မေ့နဲ့တော့။ ဘယ်ဆွေမျိုး သားချင်းမှလည်း မိလှဋ္ဌေးကို မခေါ်ရ မပြောရ။

အချစ်ကြီးသလောက် အမျက်ကြီးလေပြီ။

ဦးသာဒင်မှာ ကိုဖိုးစံ၊ ကိုဖိုးညဏ်၊ ကိုဖိုးမှန်နှင့် သားသမီးလေးယောက်ရှိသည့်အနက် မလှဋ္ဌေးမှာ တစ်ဦးတည်းသော သမီးဖြစ်ပေသည်။

mgyoe.com

mgyoe.com

အချို့က မြေးရလျှင် စိတ်ကျ၍ အမျက်ပြေတတ်သည်ဟု ပြောကြသည်။ ကိုဘအေး မလှဋ္ဌေးတို့၏ အကြီးဆုံးသား ထွန်းစိန် ၅ခါလည်အရွယ်တွင် မလှဋ္ဌေး၏ မောင်အငယ်ဆုံး ကိုဖိုးမှန်သည် ထွန်းစိန်ကို လမ်းတွေ့၍ နှုတ်ဆက်စကားပြောလုပ်ကြောင်း ဦးသာဒင်ကြားသည်၌ လူပျိုကြီးဖားဖားဖြစ်နေသော ကိုဖိုးမှန်ကို တင်းကုတ်ထဲ ပိတ်ပြီး နွားကြိမ်နှင့် ကျောကော့နေအောင် ရိုက်သည်ဟူသတတ်။

မလှဋ္ဌေး ကိုဘအေးနှင့် ရပြီး အနှစ် ၂၀ ကျော်မှ မလှဋ္ဌေးမိခင် ကွယ်လွန်သည်။ သို့သော် အနှစ် ၂၀ ကျော်အတွင်း သားအမိချင်း တစ်ခါမျှမျက်နှာချင်း မဆိုင်လိုက်ရပေ။

ဦးသာဒင်သည် မြေးမက မြစ်ရသည့်တိုင်အောင် သူ၏စိတ်သည် မပြေသေးပေ။

ဒေါသလည်းကြီး၏။ မာနလည်းကြီး၏။ ပစ္စည်းဂုဏ်လည်းမောက်၏။

သို့သော် မည်သည့်အရာမဆို သင်္ခါရဖြစ်ပေရာ၊ အချိန်တန်အရွယ်ရောက်သကဲ့သို့ အချိန်တန်တော့လည်း အရွယ်ကျရပေမည်။ စိတ်ကျရပေမည်။

ဦးသာဒင် ၇၀ ကျော်သောအခါ၌ စိတ်ကျလေတော့သည်။ ဤအချိန်မှာ သူ၏အခြေအနေလည်း ယခင်တုန်းကနှင့် လုံးဝမတူတော့ချေ။

ရှိသမျှ လယ်ကေထဲမှ သားသုံးယောက် အိမ်ထောင်ကျသည်နှင့် အညီအမျှခွဲဝေပေးခဲ့၍ မိမိအတွက် တစ်ရှဉ်းစာ ဆယ်ကေလောက်သာ ချန်ထားခဲ့၏။ ပထမတွင် သားငယ်နှင့် ရာသက်ပန် မခွဲဘူးရယ်ဟု အလိမ္မာအိမ်ပါချွေးမနှင့်ပေးစားထားခဲ့သည်။ သို့သော် ဦးသာဒင်အိုဇာတာ မကောင်းလေတော့ ချွေးမက ထင်သကဲ့သို့ မလိမ်မာ၊ သားကလည်း တစ်နေ့တခြား မိုက်မိုက်လာသည်။ အလောင်းအစား အသောက်ကလေး ဖက်လာသည်။ နောက်ဆုံး၌ ဖခင်အဘိုးအိုကို လုံးဝကြောက်ရွံ့လေးစားခြင်းမရှိတော့ဘဲ မချေမငံပြုလေသောကြောင့် ဒီသားနှင့်ချွေးမကို အိမ်ပေါ်က နှင်ချလိုက်လေတော့သည်။

ဤအခါ၌ ဦးသာဒင်မှာ အထီးကျန် အိမ်ကြီးတစ်လုံးပေါ်တွင် ခွေးပုခေါ်သော သူ့တူ သူရင်းငှားကလေးနှင့် နှစ်ယောက်တည်းရှိတော့သည်။ စားမှု၊ သောက်မှု၊ ချက်ပြုတ်မှုပါ ခက်ခဲလာသည်။ ယင်းသို့ အခြေအနေဆိုက်ရောက်ရသောကြောင့် တစ်သက်လုံးပြတ်ပါပြီဆိုသော အနှစ်သုံးဆယ်ကျော် စွန့်ပစ်ထားခဲ့သော သမီးမိုက်အား အတိတ်က အပြစ်များကို ခွင့်လွှတ်ပြီးပြန်လည်ခေါ်ယူခြင်းဖြစ်လေသည်။

mgyoe.com

mgyoe.com

"ဗျို့...ယောက္ခမ အိမ်ထက်၊ ခုမှတက်၊ သမက်အိုကလေး၊ ကိုဘအေးရှိပါသလား ဗျို့..."

ထိုနေ့ညနေ၌ ကျွန်တော်တို့သည် နွားလှည်းကို တပ်ကာမင်္ဂလာဆောင်လှည်းပီပီ ချူတွေ ဝေဝေဆာဆာနှင့် မောင်းလာခဲ့ပြီး သူ့အိမ်ရှေ့၌ရပ်၍ ညီအစ်ကိုနှစ်ယောက် သံပြိုင် အော်လိုက်ကြခြင်း ဖြစ်ပါသည်။

ဘထွေးသည် အိမ်ထဲ၌ ထုပ်ပိုးပြင်ဆင်နေရာမှ နေရောင်ကာသို့ ထွက်လာပြီး...

"ဟိတ်အကောင်တွေ တိုးတိုးတိတ်တိတ် လုပ်ကြစမ်းပါကွ"

ကျွန်တော်တို့သည် အော်ရင်း လှည်းဒေါက်ကိုထောင်၍ ...

"ဘယ့်နှယ့်သတို့သား အိမ်တင်ရမယ့်ကိစ္စ တိုးတိုးတိတ်တိတ်လုပ်နေရမှာလဲဗျ"

"တယ်ခက်တဲ့ အကောင်တွေပဲကွ၊ လာ ... ဒါတွေ ယူတင်"

"အောင်မယ် ခန်းဝင်ပစ္စည်းတွေကလည်း ရိုးကုမ္ပဏီက မနေ့ကမှသွားဝယ်တာတွေထင်ပါရဲ့၊ အရောင်တွေ တဖိတ်ဖိတ်တောက်နေတာပဲ"

"တောက်တီးတောက်တဲ့တွေ ပြောမနေကြစမ်းနဲ့၊ တင်မှာသာ တင်ကြစမ်း..."

ထန်းကောက်ဖာအဟောင်း၊ သံသေတ္တာအဟောင်း၊ စောင်စုတ်ကြီးနှင့် အိပ်ရာလုံးကြီးက တစ်ထုပ်၊ စားခွက် သောက်ခွက်တွေက မြေအိုးမဲမဲကြီးတွေ တောင်းထဲထည့်လို့။

"ဘထွေးရာ သူဌေးသမက်ဖြစ်ပြီပဲ၊ ဒါတွေစွန့်ပစ်ခဲ့ပါတော့လားဗျ..."ဟု ကျွန်တော့်ညီက ပြော၍ ကျွန်တော်က...

"ဟာ...စိုးမောင်ရ ဖြစ်မလားကွ၊ မိန်းမအိမ်တက်တယ်ဆိုတာ ခန်းဝင်ပစ္စည်းတော့ ပါရဦးမှာပေါ့ကွ"

ဘထွေးက ပြုံးမဲ့မဲ့ကြီးနှင့် ကျွန်တော့်ခေါင်းပုတ်၍ ...

"ဖိုးမောင်နော် ဖိုးမောင်"

ထို့နောက် စိုးမောင်က ဘထွေးအိမ် ကြမ်းစွန်းတွေမှာ ချိတ်ထားသောပုံးတွေ၊ မြူးတွေ၊ ပလိုင်းတွေသွားယူလာ၍ လှည်းပေါ်သို့ တင်သည်၌ ဘထွေးက ပြူးပြူးပြာပြာ...

"ဟော့ – ဟော့ ဒါတွေတော့ မလုပ်ပါနဲ့ အဘိုးကြီးက ကြိုက်မှာမဟုတ်ဘူးကွ..."

mgyoe.com

mgyoe.com

"အလှဲ့လှဲ့…အဘိုးကြီးကတဲ့၊ အဘိုးလေးက ပြောတယ်"

ယင်းမှ ဘထွေးသည် သူ့အသက်လည်း ၆၀ နီးနေပြီကို သတိရဟန်တူ၍ …ရှက်စနိုး…

ယင်း၌ ကျွန်တော်က …

"ဩော်–စိုးမောင်နယ်၊ သမက်ဆိုတာက ကိုယ်ဘယ်လောက်ပဲကြီးနေနေ၊ ယောက္ခမကို ဒီလိုပဲ ခေါ်ရတာမျိုးကွ…"

ယင်းသို့ ပြောပြောဆိုဆိုနှင့် ပစ္စည်းများ အားလုံးတင်ပြီးနောက် ကျွန်တော်တို့ လှည်းမောင်းထွက်ခဲ့ကြတော့သည်။

ဒေါ်လှမွှေးနှင့် သမီး ကျင်မြတို့ကား မနက်ကပင်သွားနှင့်နေကြပြီ၊ ထိုအချိန်၌ အဘိုးကြီးသည် သမီးနှင့်မြေးနှင့် အချစ်နလန်ထနေပေရော့မည်။

ထိုအတွေးမှ ကျွန်တော်တစ်ဆက်တည်း သတိရ၍ …

"ဘထွေးရော … ဒီမင်္ဂလာပွဲမှာ ဘထွေးရဲ့ ချွေးမတွေရော…သမက်တွေရော၊ မြေးတွေရော အားလုံးခေါ်ခဲ့ဖို့ ကောင်းတယ်၊ ဟီဟိ လှည်းယာဉ်ဆယ်စီးတိုက်လောက်နဲ့ မင်္ဂလာတစ်ဆောင်စာ ပြည့်နေမှာပဲ"

ဘထွေးသည် ပြုံးကျဲကျဲကြီးလုပ်၍…

"မင့်နယ်ကွာ တောက်တီးတောက်တဲ့ကွ"

"ဟုတ်သလေ… ကျွန်တော်တွေးမိတာ၊ နို့ပြီးတော့ အဘိုးကြီးက အဲဒီမြေးမြစ်တွေကြည့်ပြီး 'အင်း–ငါ့သမီး တစ်ယောက်ထဲက အနှစ် ၃၀ အတွင်းဖြစ်လာလိုက်တာ လူတွေနည်းပါဘူးလားဟ'လို့ အောက်မေ့မှာပဲ"

ကျွန်တော်တို့ ၃ ယောက်သား သဘောကျစွာ ရယ်မောလိုက်ကြပြီးနောက် စိုးမောင်က အဘိဓမ္မာတစ်ရပ် ထုတ်လိုက်ပါသည်။

"အဲဒါ…လူ့ဘဝရဲ့ တိုးတက်မှုခေါ်ရမယ်ပေါ့ဗျ"

ကျွန်တော်"အေး…အေး…မင်းပြောတာ ဟုတ်တယ်ကွ၊ ဒါနဲ့…ငါခုညသတို့သမီးနဲ့ သတို့သားအခန်း ချောင်းကြည့်ချင်တယ်ကွ"

ဘထွေးသည် ကျွန်တော့်ထိပ်ခေါက်၍ …

"ဟာ…ဖိုးအောင် တော်စမ်းကွာ"

"ကျွန်တော်တော့ ကုတင် ချူဆွဲပစ်ခဲ့မယ်"

"ဟာ စိုးမောင်ကလဲ တော်စမ်းကွာ၊ မင်းတို့ ညီအစ်ကိုနှစ်ယောက်ဟာ နောက်ကို နောက်တယ်"

"မင်္ဂလာသဘင် ဆင်ယင်တယ်ဆိုတာ ဒီလိုပဲ ပျော်ပျော်ပါးပါးပေါ့ဗျ၊

mgyoe.com

ဒါပေမယ့်ဗျာ...သတို့သားကလဲ ဘီအေပေါင်းနဲ့ ဘာနဲ့မဟုတ် တဘက်ကြီး ခေါင်းပေါင်းလို့ နွားပွဲသွားတာ ကျနေတာပဲ၊ နို့ပြီး ပါးရေတွန့်ပြီး သွားကလဲကျိုးလို့"

"ဟာ... တော်စမ်း ဖိုးအောင်ရာ"

"နို့ပြီး ရှပ်အကျီ ညစ်ထပ်ထပ်ကြီးနဲ့ မှန်း အိပ်ထဲ ပိုက်ဆံကကော ဘယ်လောက်ရှိသလဲ"

ကျွန်တော် ပြောပြောဆိုဆိုနှင့် လှမ်းနှိုက်လိုက်ရာ ငါးကျပ်တန်တစ်ရွက် ကျပ်တန်လေးငါးရွက်နှင့် ဆယ့်ကိုးကျပ်မျှတော့ ရှိပေမည်။ ကျွန်တော်အကြံနှင့် နှိုက်ကြည့်ခြင်းဖြစ်သည်။ သူက လုတော့ ပြန်ပေးလိုက်ပါသည်။

"ဟေ့ ...စိုးမောင် ...သတို့သားက မဆိုးဘူးကွ၊ ငွေဆယ့်ကိုးကျပ်တော့ အိတ်ထဲရှိသား"

"ဒါ ...သူ့ မိန်းမ တင်တောင်းငွေလေဗျာ။ မလှဒွေးတို့ ဟိုတုန်းကလယ် ကေ ၂၀ ကျော်မှ ဟိန်းနေတာ ...အခုတော့ ဆယ့်ကိုးကျပ်နဲ့ပဲ"

"အောင်မယ်... မင်းက ...ဒီဆယ့်ကိုးကျပ်တောင် ယောက္ခမအိမ်ရောက် အောင်ပါမယ် ထင်သလား ..."ဆိုပြီး ကျွန်တော်က အလန့်တကြားအသံနှင့် "ဟေ့ ...ဟေ့ တို့ရှေ့က ဘာလဲဟ"

မမယ်သုံကြီး အိမ်အလွန် လှည်းလမ်းကြပ်တွင် ကိုခိုနှင့်မောင်သင်လေးက ကြိုးတားလျက်ရှိပေသည်။

စိုးမောင်က ဘာမှ မသိဟန်ဖြင့် ...

"ဟေ့ လူတွေ ...ဘာလုပ်တာလဲဗျာ"

(မူးနေသောအသံဖြင့်)"မင်္ဂလာဆောင် ကြိုးတားတာလကွာ"

ကျွန်တော် "ဟာ ...တခြားလူတွေမှတ်လို့ ...ကျွန်တော်တို့ဘထွေးပဲဗျ။ မလုပ်ကြပါနဲ့"

မောင်သင်လေး "ဘယ်သူ့ ဘထွေးပဲဖြစ်ဖြစ် ထုံးစံအတိုင်းပဲ။ သောက်ဖို့ စားဖို့ ပေးမှ ဖြစ်မယ်"

"ကဲ ...ဒါဖြင့် ဘယ်လောက်ပေးရမလဲပြော"ဆိုပြီး ကျွန်တော်က ဘထွေး မမြင်အောင် လက်ငါးချောင်း ဆန့်ပြလိုက်ရာ ကိုခိုက ...

"ကိုယ့်အချင်းချင်းတွေပဲ များများလည်း မလိုချင်ပါဘူး။ ရွာထုံးစံပျက် မစိုးလို့သာ စတိလောက် ငါးကျပ်ပဲပေးပါ"

ကျွန်တော် ပြီးလွယ်စကားကြောင်းဖြင့်...

"ကဲ ...ဘထွေး ပေးလိုက်ဗျာ"

mgyoe.com

mgyoe.com

ဤမှ ဘထွေးလည်း ရိပ်မိလေပြီဖြစ်၍ ...

"နင်တို့အားလုံး တစ်ကြိတ်တည်း တစ်ဉာဏ်တည်းပဲ၊ ရော့ ..ရော့ သောက်ကြ မျိုကြ"

ကြိုးကို ဖြင့်ပေးလိုက်၍ ချုသံ တစ်ညံညံနှင့် လှည်းမောင်းအထွက်၌ မောင်သင်လေးနှင့် ကိုခိုက သံပြိုင်ကောင်းချီးပေးလိုက်၏။

"သတို့သား အဘိုးကြီးနဲ့ သတို့သမီး အမယ်ကြီး၊ ဟိုဒင်း ကြမ်းညပ်အောင် ပေါင်းရပါစေဗျား"

* *

ဘအေး၊ လှငွေး၊ ခွကျေးကျေး – ခွေးကျ ကျသည်ဟု ဟိုယခင်က ပြောစမှတ်ပြုကြသည်။

မလှငွေး ကိုဘအေးနောက် ခိုးရာလိုက်ပြေးသွားပြီးနောက် ဦးသာဒင်က စွန့်ပစ်လိုက်သည်၌ မလှငွေးသည် ဆင်းရဲသော ယောက္ခမအိမ်၌ သူရင်းငှား၏ မယားဖြစ်ရသည်။ ဟိုယခင်က မိမိအိမ်ကလယ်ကို အပျင်းပြေလောက် ကောက်စိုက်လိုက်ခဲ့ရာမှ ယခု အငှားလိုက်ရသည်။ ကောက်ရိတ်ချိန်မှာ ကောက်ရိတ်ရသည်။ ကောက်ရိတ်အပြီးမှာ ကောက်သင်း ကောက်ရသည်။ ယောက္ခမအိမ်ရောက်မှ ယက်ကန်းကို သင်ရသည်။ နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးစလုံး အလုပ်နှင့်လက်နှင့် မပြတ်ပါမှ ပေါက်ဖွားလာသော သားသမီးများနှင့် ထမင်းဝအောင် စားရသောအဖြစ်သို့ ရောက်ရှိလေသည်။

ထို့ကြောင့် ရွာတွင် ချမ်းသာသော လယ်ပိုင်ရှင်မိဘများက သူတို့သားသမီးတို့အား မလှငွေးကို နမူနာပြ၍ ဆုံးမကြသည်။

ဘအေးလည်း သူဌေးမဖြစ်၊ လှငွေးလည်း ခွကျေးကျေး၊ ခွေးကျကျသည်ဟု လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်က ပြောဆိုခဲ့ရာ၊ ယခု ကိုဘအေးတို့ မလှငွေးတို့ အခြေအနေ တစ်မျိုးပြောင်းလာသည်၌ တစ်ခုခု ပြောစမှတ်ပြုရန်မှာ လူတို့၏တာဝန်၊ သို့မဟုတ် ဓလေ့ဖြစ်သည့်အတိုင်း "ကိုဘအေးနဲ့ မလှငွေး အပွကလေး ပွပြန်ပြီ"တဲ့ ...။

အကြောင်းမှာ သက် ၇၀ ကျော်နှင့် ၈၀ ချဉ်းပြီဖြစ်သော ဦးသာဒင်သည် ၅၀ ကျော်ပြီး ၆၀ နီးပြီဖြစ်သော ကျွန်တော်တို့ဘထွေး ကိုဘအေးအား သမက်အရာ မြှောက်စားကာ ရှိသမျှ လယ်နှင့်အိမ်ကြီးကို အပ်နှင်းသည်။

ကိုဘအေးမှာ အသက် ၅၀ ကျော်မှ ကံပေါ်ကာ လယ်ပိုင်နွားပိုင် အိမ်ကြီး

mgyoe.com

mgyoe.com

ရခိုင်နှင့် ဖြစ်သွားသည်။

ဦးသာဒင်မှာလည်း ဒီသမီးနှင့် ဒီသမက် အိမ်ပေါ်ရောက်ခါမှ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာရှိသွားဟန်တူသည်။ တစ်သက်လုံးက တင်းခဲ့သမျှမာန်တွေကျပြီဖြစ်၍ တရားဘက် ရောက်သွားကာ တစ်နှစ်မှာ (၆)လလောက်က ပြည်မြို့အင်ကြင်းမြောင် နိဗ္ဗိန္ဒသို့သွား၍ တရားအားထုတ်လေ့ရှိသည်။

ဦးသာဒင်သည် သူ၏ တစ်ဦးတည်းသော သမီးအား ချစ်လှကြောင်းလည်း ထင်ရှားသည်။ မလှဌေး ခိုးရာလိုက်သွားသည်၌ လက်ဝတ်လက်စားများလိုက်သိမ်းသည်။ သို့သော် ဤလက်ဝတ်လက်စားများကို ထုခွဲရောင်းချခြင်း မပြု။ သည်အတိုင်းပဲ သမီးကိုယ်စား အရိပ်တကြည့်ကြည့်နှင့် ထားခဲ့ရာ၊ ယခုသမီးအိမ်ပေါ်ရောက်သည်၌ အလုံးစုံပြန်ပေးသည်။ သို့သော် ဤအချိန်မှာ မလှဌေးမဟုတ်တော့ဘဲ အသက် ၅၀ ကျော် ဒေါ်လှဌေးဖြစ်နေကာ၊ အလုံးစုံသော လက်ဝတ်လက်စားတို့ကို သမီးကလေးအား ဆင်ယင်လေသည်။

ယင်းသည်ပင်လျှင် သမီးကလေးကျင်မြ၏ ဇာတ်လမ်းတစ်ခန်းဖွင့်ခြင်းတည်း။

ကျင်မြသည် အရွယ်ကောင်း၊ အချိန်ကောင်းမှ အခြေကောင်းကောင်းကိုရသည်။ ခြံကျယ်ဝန်းကျယ်ကြီးထဲတွင် သွပ်မိုးပျဉ်ထောင်အိမ်ကြီးမှာ နေရလျက်၊ ဝတ်ကောင်းစားလှကို ဝတ်ဆင်ရ၍၊ လက်ဝတ်လက်စား ပြည့်ပြည့်စုံစုံနှင့်ဖြစ်လေတော့ အလှကျက်သရေ တက်ဖြိုးဝေသည်ပေါ့။

ယင်း၌ ဖအေ၏သွေးပါသော ဒေါ်လှဌေးသည် ဘဝင်ကိုင်လေသည်။ သူ့ဖခင်၏နေရာတွင် သူဝင်လေသည်။

ယခင် ကျွန်တော်တို့တောင်ပိုင်း၌ ဆင်းဆင်းရဲရဲနေရစဉ်က ကျင်မြ၏ရည်စား ဖိုးလုံးနှင့် သဘောမတူတော့ဘူး ဖြစ်လာသည်။ ဟိုယခင်ကတော့ ဖိုးလုံးရှာဖွေပေးတဲ့ ဖားငါးစားနေရတော့ ရှင်လှဌေးတို့ ကြည်ဖြူလိုက်သမှ လွန်ပါရော။

ကျင်မြသည် ကျွန်တော်တို့နှင့် မောင်နှမ နှစ်ဝမ်းကွဲပါ။ ကောင်မလေးလိမ္မာရေးခြားရှိပါသည်။ဖိုးလုံးလည်း ရိုးသားပါသည်။အလုပ်အကိုင်လည်း ကောင်းပါသည်။ ကျွန်တော်တို့ အစကတည်းက သဘောတူခဲ့ကြပါသည်။ နို့မဟုတ်လျှင်ကိုယ့်နှမကို ကိုယ့်မျက်စိအောက်တွင် နေတာပဲ မလျော်သူနှင့် အဖြစ်ခံရိုးလား။

ယခုတော့ ကျွန်တော်တို့ ဘထွေး မွန်းဘအေးကပါ မယားဘက်ခပ်ပါပါဖြစ်လာသည်။ သူကလည်း လယ်ပိုင်၊ မြေပိုင် အိမ်ကြီးရခိုင်နှင့်ဆိုတော့ ဘဝင်ကိုင်လာပြီ ထင်ပါရဲ့။

mgyoe.com

mgyoe.com

သို့သော်လည်း လူငယ်တို့၏ ချစ်မေတ္တာတရားကား ရိုးသားမှန်ကန်လှပါသည်။ ကျင်မြသည် မအေးနည်းတူပဲ ဖိုးလုံးနှင့်ခိုးရာလိုက်ပြေးလေသတည်း။

ဟင် …ရှင်လှဌေးတို့ ဒေါပွလိုက်တဲ့ဖြစ်ခြင်း၊ သူ့အဖေတုန်းက သူတို့လုပ်တဲ့ အတိုင်းပဲပေါ့။ ပါသွားတဲ့ လက်ဝတ်လက်စားလိုက်သိမ်း၊ တစ်သက်အပြတ်ပေါ့။

"ဘယ့်နှယ့်တော် …အရပ်က ပြောစရာဖြစ်ပြီပေါ့။ မအေ့ ခြေရာနင်းတဲ့ သမီးရယ်လို့၊ ဒီပုတ်ထဲက ဒီပဲ၊ ခြံခုန်တဲ့အမျိုး ခုန်တာပဲကိုးလို့ ဆိုကြတော့မယ်ပေါ့ …"

"ဒါတော့ဗျာ …ကလေးတွေကိုချည်း အပြစ်မဆိုပါနဲ့ဦး၊ မိဘတွေလုပ်ပုံက ရှိသေးသကိုးဗျ။ သူတို့ချင်းချင်း ချစ်ကြိုက်နေကြမှန်း သိ၊ ပေးစားလိုက်ရင် ဘယ် ဒီလိုဖြစ်စရာ အကြောင်းရှိမလဲဗျ" ကျွန်တော်တို့ ညီအစ်ကိုက ဝင်ပြောပါသည်။

"ကိုယ့်နှမ ဒီလိုဖြစ်တော့ ကျွန်တော်တို့လည်း ရှက်ရသဗျ။ ဒါ ခင်ဗျားတို့ အပြစ်ပဲဗျ"

မလှဌေး မျက်နှာကား စူ၍ …

"ဟဲ့ …ငါ့ကိုချည်း အပြစ်ဆို မနေကြနဲ့ဦး။ ငါက သဘောတူချင်ဦးတော့ ငါ့အဖေကြီးစိတ် နင်တို့ သိတယ်မဟုတ်လား။ ငါ့ကိုယ်ငါ အခုမှ သိက္ခာပြန်ဆယ်နေရတုန်း အခု သူ့မြေးကပါ ဒီလိုဖြစ်ပြန်တယ်ဆိုတော့ ငါ့အဖေအိုကြီး သေခါနီးမှ သမီးတင်မက၊ မြေးကပါဒုက္ခပေးရာ ရောက်မနေဘူးလား ဖိုးအောင်ရဲ့ …ငါ ဘယ့်နှယ်လုပ် မျက်နှာပြရပါ့မလဲ။ ဘယ့်နှယ်လုပ် အကြောင်းကြားရပါ့မလဲ …"

ဘထွေး။ "အကြောင်း မကြားပါနဲ့လေ၊ ဟိုမှာ တရားထိုင်နေတာ အနှောင့်အယှက် ဖြစ်ပါ့မယ်။ နောက်မှ ရောက်ရားပေါ့"

ယင်းအချိန်၌ အဘိုးသာဒင်မှာ အိမ်မှာ မရှိ၊ အင်ကြင်းမြောင်မှာ သွားနေခိုက် ဖြစ်ပါသည်။

ထိုမှ သုံးလမျှအကြာ အဘိုးသာဒင် ပြန်ရောက်လာသောအခါ၌ သမီးက ငိုကြီးချက်မနှင့် တိုင်ပါလေသည်။ အဘိုးသာဒင်သည် အကျိုးအကြောင်းသိရသည်နှင့် အလွန်ဒေါပွလျက် "တောက် တယ်မိုက်တဲ့ဟာတွေပဲ"ဟု တစ်ခွန်းတည်းပြောပြီး၊ သူလမ်းလျှောက်သော နှစ်ဖက်ခွမိုန်းတောင်ဝှေးကြီးကို ဖျတ်ခနဲဆွဲကိုင်ကာ၊ သူ့တူကလေးအား …

"ဟော့ ခွေးပု လှည်းတပ်၊ ငါ့ကျင်မြအိမ် လိုက်ပို့စမ်း …"

mgyoe.com

mgyoe.com

ကိုဘအေးရော၊ ဒေါ်လှဌေးရော အဘိုးကြီးကို မတားဝံ့။ မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် ကျန်ခဲ့ကြသည်။

လှည်းထွက်သွားသည်နှင့် ဒေါ်လှဌေးက ...

"ဒါလောက်မိုက်တဲ့ သမီး၊ သတ်ပစ်လည်းအေးတာပါပဲ ကိုဘအေးရယ်၊ ဒီအဖေအိုကြီး မသေမချင်း ကျွန်မတို့ တစ်ယောက်တစ်လှည့် အရှက်ခွဲရာရောက်နေပါရောလား ..."ဟု ဆိုပြီး ချုံးပွဲချ ငိုပါလေ၏။

သို့သော် တစ်နာရီမျှအကြာ ဖိုးသာဒင်ပြန်လာသောအခါ၌ လှည်းပေါ်မှာ အထုပ်အပိုး အစုံအလင်နှင့် ကျင်မြရော ဖိုးလုံးပါ ပြုံးရွှင်စွာ ပါလာသည်ကို တွေ့ရလေသတည်း။

* * * * *

mgyoe.com

mgyoe.com

၁

မုန်ကန်ခြင်းနှင့် ရဲရင့်ခြင်း

သတ္တိနှင့် သစ္စာ၊ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းတို့သည် ဒွန်တွဲနေ၏။ သစ္စာမဲ့သူသည် သတ္တိမဲ့သူဖြစ်၏။ သစ္စာရှိသူသည် သတ္တိရှိသူဖြစ်၏။ သစ္စာကို သတ္တိနှင့် စောင့်ထိန်းရ၏။ သတ္တိဆိုရာ၌ မှန်ကန်သော ကိစ္စကို ရဲဝံ့စွာ ပြုလုပ်ခြင်းသာ မဟုတ်သေး။ မကောင်းမှုကို စောင့်ထိန်းနိုင်ခြင်း၊ မှားယွင်းသော ဆန္ဒလောဘကို ချုပ်တည်းနိုင်ခြင်း၊ အောင့်အည်း သည်းခံနိုင်ခြင်းတို့သည်လည်း သတ္တိမည်၏။

မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်းလည်း ထိုနည်းအတူ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေ၏။ ပင်ကိုယ်မူလက မည်မျှပင် ရဲရင့်သူဖြစ်နေစေကာမူ မမှန်ကန်သောအမှုကို ပြုလိုက်မိပြီဟု မိမိကိုယ်မိမိ ထင်လိုက်သည်နှင့်တစ်ပြိုင်နက်၊ ထိုသူ၏ ရဲရင့်ခြင်းတို့သည် ပျောက်ကွယ်သွား၍ ကြောက်ရွံ့သူအဖြစ်သို့ ရောက်ရှိသွားတော့၏။

ဝတ္ထုတစ်ခုနှင့် သာဓကပြုပါမည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၅ နှစ်ကျော်က ဖြစ်ပါသည်။ ကာယကံရှင်များမှာမူ လူ့ဘောင်၌ မရှိကြတော့ပြီ။

ဦးအောင်ဒွန်း ...။

ကျွန်တော်တို့ရွာမှ ရွာသူကြီး ဦးအောင်ဒွန်း။ အင်မတန်မှ ရဲရင့်သတ္တိရှိသည်ဟု ကျော်ကြားသည်။ သူခိုးဓားပြကို လက်ရဖမ်းခဲ့ဖူး၍ နာမည်ကောင်းလက်မှတ်နှင့် ဆုတော်ငွေများ ရခဲ့ဖူးသည်။ နှစ်လုံးပြူး သေနတ်ကိုင်ရသည်။ ဆယ်ခိုင်သူကြီးခန့်အပ်ခြင်းခံရ၍ ရွာဆယ်ရွာကို အုပ်ချုပ်ရသည်။ ထိုရွာများ၌ ဖြစ်ပေါ်သောအမှုကြီးငယ်တို့သည် ဆယ်အိမ်ခေါင်းများမှ တစ်ဆင့် သူ့ဆီရောက်ရသည်။ ကြီးသောအမှုဆိုလျှင် ရုံးဂါတ်ပို့၍ ငယ်သောအမှုဆိုလျှင် သူပင်စီရင်ချက်ချလိုက်သည်။ တစ်ညချုပ်နှောင်ခွင့်နှင့် ငါးကျပ်အထိ ဒဏ်ငွေတပ်နိုင်သော အာဏာရှိသည်။

လူကောင်ကြီးမားခဲ့ညား၍ ဥပမိရုပ်လည်း ကောင်းလှသည်။ အားအင်ဗလလည်းပြည့်စုံလှသည်။ နွားထီးတစ်ကောင်ကို လက်ပြင်ရိုး လက်သီးနှင့်ထိုး၍

mgyoe.com

mgyoe.com

လုံနိုင်သည်ဟု ပြောကြသည်။

သူ့အိမ်နှင့်ကျွန်တော်တို့အိမ်မှာ မျက်စောင်းထိုး ခါးလွယ်ခုတ် အိမ်နီးချင်း ဖြစ်ပါသည်။

ကျွန်တော်အမှတ်သညာ ထားတတ်သော အရွယ်မှာ သူ့အသက်သည် ၅၀ မျှဟု ခန့်မှန်းမိပါသည်။ ဆွေမျိုးမတော်သော်လည်း သူ့ကို ကျွန်တော်က "ဘိုး"ဟု ခေါ်ပါသည်။

ဘိုးသည် ကျွန်တော့်ကို ငယ်စဉ်က ချီပိုးလာခဲ့သူဖြစ်သည်။ ဘိုးသည် အသားဖြူရာဝယ် သူ့တစ်ကိုယ်လုံးမှာ ဆေးနီဆေးနက်များ ထိုးထား၍ အလွန်လှသည်ဟု ကျွန်တော်ယူဆခဲ့ပါသည်။ ကျွန်တော့်အဖေကိုယ်မှာလည်း ဆေးရုပ်များ ရှိပါသည်။ သို့သော် သူ့လောက်မများ၊ ထို့ပြင် အနက်ရုပ်သာရှိ၍ အနီရုပ်မရှိ၊ဘိုး၏ ကျောပြောင်ကိုကား ကျွန်တော်က အရုပ်ကားဟုခေါ်ပါသည်။

"ဘိုးရယ် ဝမ်းလျားမှောက်စမ်းပါဦး၊ ကျွန်တော် အရုပ်တွေ ကြည့်ချင်လို့ပါ"

"အို ...အခုထိုင်ရင်းကြည့်လည်း မြင်နေရသားပဲ မြေးရဲ့"

"မဟုတ်ဘူး ...မဟုတ်ဘူး၊ မှောက်ကြည့်ရမှ ပိုကောင်းတယ်"

ဘိုး၏ ကျယ်ပြန့်သော ကျောပြင်ဝယ် နဂါးရုပ်၊ ဂဠုန်ရုပ်၊ ဇော်ဂျီရုပ်၊ ကြောင်ရုပ်၊ ကျားရုပ်၊ ခြင်္သေ့ရုပ်စသည်တို့မှာ ဆေးနီ ဆေးနက်တို့ဖြင့် ယခုမျက်စိနှင့် ကြည့်သော် လွန်စွာမှ လက်ရာမြောက်လှပါပေသည်။ အချိုးစားနားကျ၍ ပီပီသသ ရှိပါပေသည်။

"ဘိုးရယ် ဒီအရုပ်တွေ ဘိုးကို ဘယ်သူထိုးပေးထားလဲဟင် ..."

"ဘိုးဟာဘိုး ထိုးတာပေါ့ကွ"

"အောင်မယ် မဖြစ်နိုင်တာကြီးကို၊ ဘိုး ညာတယ်၊ ကဲ ...ဘိုးကျောကုန်း ဘိုးမြင်ရလို့လား"

"မှန်ထဲ ...နောက်ပြန်ကြည့် ထိုးတာပေါ့ကွ ..."

"အောင်မယ် ...အောင်မယ် ...ဘိုးအိမ်မှာ ဘိုးကျောကုန်းလောက်ကြီးတဲ့ မှန်တစ်ချပ်မှ မရှိဘဲနဲ့"

ဘိုးသည် ရယ်မောကာ ..."အလကားပြောတာပါကွာ၊ ဆရာဦး ထိုးပေးထားပေါ့ကွ၊ ဆရာဦးကို မင်းသိတယ် မဟုတ်လား ..."

ဆရာဦးသည် ဘိုးအိမ်ခေါင်ရင်းက ထိုးကွင်းထိုးဆရာ ဖြစ်ပါ၏။ ထို့ပြင် ရုပ်သေးရုပ်တွေထုသော ပန်းပုဆရာလည်း ဖြစ်ပါ၏။

mgyoe.com

mgyoe.com

"ဘိုး ...ဒီအရုပ်တွေထိုးတော့ မနာဘူးလားဟင် ..."

"နာတာပေါ့ မြေးရဲ့၊ ဒါပေမယ့် ယောကျ်ားဆိုတာ ဆေးထိုးခံနိုင်တဲ့ သတ္တိရှိရမယ်ကွယ့်၊ ငါ့မြေးလည်း ကြီးရင် ထိုးကွင်းထိုးရမယ်ကွယ့်"

သို့သော် ကျွန်တော်တို့ အချိန်ရောက်သောကာလ၌ ထိုးကွင်းထိုးခေတ် ကုန်၍ ကံကောင်းသည်ဟု ဆိုရမည်။ သို့ရာတွင် အချို့လူကြီးများက မကြိုက်ကြ။ ကျွန်တော် ၁၄ နှစ်သားလောက်၌ ဆရာဦးက ကျွန်တော့်ပေါင်မှာ ကျားရုပ်ထိုးပေးသည်။ ထိုးရသည်မှာ အနီစင်း၊ အနက်စင်းနှင့် တကယ့်ကျားရောင်ထွက်ရမည်။ အသက်လည်း ပါရမည်။ သို့သော် ဤဖေကိုယ်သတ္တိခဲက အဖေချုပ်ကိုင်ထားသည့် လက်ထဲမှ ကုန်းအော်ရုန်းထွက်သဖြင့် ပထမဆုံးတစ်ကြောင်းမျှ သွားရသေးရာ ကျားရုပ်မဖြစ်၊ ကြွက်ရုပ်ကလေးလိုလို ရေးရေးမျှထင်တော့၏။ သည်တော့ ဆရာဦးက ကျွန်တော့်အဖေအား ဘာပြောသည် ထင်သနည်း။

"မောင်ဆယ်ရေ ...ခုခေတ် ကလေးတွေတော့ သတ္တိသုဉ်းကုန်ပါဘိကွာ။ ငါ့သားတွေလည်း အတူတူပဲကွ၊ မင်းတို့လို ငါတို့လို ဆယ်နှစ်၊ ဆယ့်တစ်နှစ်သား လောက်က ထိုးကွင်းထိုးခံလာခဲ့လို့ရှိရင် ဒီကျားရုပ်လောက် ဘယ်ဖြုန်လိမ့်မလဲကွာ။ ခံနိုင်ရည် ရှိနေမှာပဲ။ မိဖုရား ...ကင်းကိုက်တဲ့ အတိုင်းပဲ သွား ...သွား"

ဆရာဦးက ကျွန်တော့်ကို နှင်လွှတ်ပါသည်။ ကျွန်တော်သည် ပေါင်ကလေးထော့နဲ့ထော့နဲ့၊ မျက်ရည်ကလေး စို့စို့နှင့်။

ဘယ်မျက်ရည် မစို့ဘဲ ခံနိုင်မလဲဗျ။ လေးခွရှိတဲ့ ကြေးစုတ်ကြီးနှင့် တစ်ချက်ထိုးလိုက်ရင်း သွေးတစ်ပေါက် ထွက်လာရင်း ...

ဤအခါ၌ ကျွန်တော်သည် ထိုးကွင်းမျှမက၊ ဆေးရုပ်တွေကိုယ်လုံးတွင် ရှိသော အဖေတို့၊ ဘိုးတို့ သတ္တိကိုချီးကျူးမိပါသည်။ ဘိုးက ပို၍များပါသည်။ ဘိုးသည် ခေါင်းဖြူဖြူတွင် ကတုံးရိတ်ထားသူ ဖြစ်လေရာ၊ ငယ်ထိပ်မှစ၍ ခြေဖမိုး အထိ ကျောကုန်း၊ လက်ပြင်၊ ခြေသလုံး၊ ခြေကျင်းဝတ်ပါမကျန်ဆေးတွေ အပြည့် ရှိ၏။

ဘာရည်ရွယ်ချက်နှင့် ဘာအစွမ်းထက်သည်တော့ ကျွန်တော်မပြောတတ်ချေ။ သို့သော် ခံနိုင်ရည်ရှိသော ယောကျ်ားကောင်းတစ်ယောက် ဖြစ်ကြောင်းတော့ ထင်ရှား၏။

ဘိုးသည် ခွန်အားဗလနှင့် ရဲစွမ်းသတ္တိကောင်းရုံသာ မဟုတ်သေး၊ စာပေပညာကိုလည်း တတ်ကျွမ်းသူဖြစ်၏။ ဘိုးသည် ဘိသိက်ဆရာဖြစ်၏။ ဘုရားကိုးဆူဆရာဖြစ်၏။ စာဟောဆရာဖြစ်၏။ ရတုသြဘာ စာရေးဆရာဖြစ်၏။

mgyoe.com

mgyoe.com

ဘိုးသည် နေ့စဉ် နံနက်တိုင်း ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်တွင် ထ၍ ဘုရားရှိခိုးပြီး စာရွတ်၏။ သူစာရွတ်သည်ကို ဘေးသုံးလေးအိမ်က ကြားရ၏။ သို့သော် ဘာမျှ နားမလည်နိုင်ပေ။ သူ့အသံ "ဟန်နံ့ – ဟန်နံ့ "ဟူ၍သာ ကြားနေရ၏။

"အဖေ ...ဘိုးက ဟန်နံ့ ဟန်နံ့နံ့ ဘာလုပ်နေတာလဲ အဖေရ"

ကျွန်တော်ငယ်စဉ်က အိပ်ရာထဲတွင် အဖေ့အား မေးခဲ့၏။

"စာဝါးတာခေါ်တယ် သားရဲ့"

"ဘာလို့ စာဝါးတာလဲ အဖေရ"

"သူရထားတဲ့ စာတွေကို မမေ့၊ မပျောက်အောင် နှုတ်က မြန်မြန်ရွတ်နေတာပေါ့ကွာ ..."

"ကျွန်တော်လည်း ဘိုးလိုစာဝါးချင်တယ် အဖေ"

"ဒါဖြင့် စာများများ တတ်အောင်သင်ပေါ့ကွ၊ ထမင်းစားချင်တော့ ထမင်းရှိမှ စားဖြစ်သလို စာဝါးချင်တော့ ကိုယ်တတ်ထားတဲ့စာ ရှိမှပေါ့ကွ"

ကျွန်တော်သည် ဘိုးကို အစစအရာရာ ချီးကျူးအားကျသူ ဖြစ်ခဲ့၏။ ကျွန်တော်သည် ဘိုးအတုကိုယူကာ ကကြီး၊ ခခွေးကစ၍ စာဝါးခဲ့၏။ နို့ပြီး ဘိုးက(အဆက်ဆက်က အစဉ်သာယာတဲ့ သရက်ပင်ရွာက အထူးအကျိုးပြုတဲ့ ဦးဖိုးနု)ဟု ရှင်ပြုဖိတ်စာတွင်ရေးလျှင် ကျွန်တော်ကလည်း (မချို့အစဉ်သာတဲ့ ကြို့ပင်ရွာက အထူးအကျိုးသယ်ပိုးတဲ့ ဦးဘိုးဆယ်)ဟု ကျွန်တော့်အဖေနှင့် ရွာနာမည်ကို နဘေထပ်ဆိုလိုက်သောအခါ ဘိုးကလွန်စွာ သဘောကျလှ၏။ "မောင်ဆယ် မင့်သားကြီး ငါ့ခြေရာနင်းလိမ့်မယ်"ဟု ဂုဏ်ယူပြောဆို၏။ သို့သော် ဘိုးခြေရာကို နင်းဖို့၊ ဘိုးကိုမီဖို့က ခဲယဉ်းလှပါ၏။

ဘိုးသည် ရပ်ရွာ၌ အုပ်ချုပ်စီမံရာတွင် သူ၊ မင်္ဂလာဆောင်၌ ဘိသိက်သွန်းရာတွင် သူ၊ ရှင်ပြုပဥ္စင်းခံတို့၌ ဩဘာစာများရေးသား ဖတ်ကြားရာတွင်သူ၊ ရပ်သူရွာသားတို့ အပျင်းလည်းပြေ၊ ပညာဗဟုသုတလည်းရအောင် ဇာတ်နိပါတ်တော်တို့ကို သံနေသံထားနှင့် ဟောပြောရာတွင်လည်းသူ။

သူ ...သူ ...သူ ...ထိုသူသည် အသက်ငါးဆယ်ကျော်၌ ကံချော်၍ အကြံတော်တလွဲကို လိုက်မှားမိချေသည်။

မချောဖြူ ...

သူသည် နာမည်နှင့်လိုက်အောင် ဖြူသည်။ ချောသည်။ လှသည်။ ချောသည်။ လှသည်နှင့်အမျှ လင်ငယ်နေတတ်သူ။

mgyoe.com

mgyoe.com

သူ၏ ပထမဦးဆုံးယောက်ျားသည် သူနောက်ယောက်ျားထားတာ ပက်ပင်းမိ၍ သူ့အားလယ်ကွင်းထဲ ခေါ်သွားကာ ဓားနှင့်ခုတ်သတ်ပြီး သူ့ကိုယ်သူ တော့ မီးရထားအနင်းခံ၍ ပွဲချင်းပြီးစီရင်ပစ်လိုက်သည်။

သို့သော် မကောင်းမှုပြုရန် အကုသိုလ်ကံ ကျန်နေသေးသော မဟာဝါ ကား မသေ၊ လည်ပင်း ဓားဒဏ်ရာတွေနှင့် မေ့မြောနေရာမှ သတိပြန်ရလာခဲ့သည်။

ဘိုးနှင့် အခင်းဖြစ်ပွားရန်အချိန်မှာ ထိုမိန်းမသည် အသက် ၃၀ခန့်၊ လည်ပင်းမှာ ဓားဒဏ်ရာနှစ်ချက်ရှိသည်။ အသားရောင် ဖြူဖြူဝင်းဝင်းနှင့် ပြည့်ပြည့် တင်းတင်း၊ ထိုအချိန်၌ သူ၏ ဒုတိယလော၊ တတိယလော၊ မပြောတတ်သည့် လင်ယောက်ျားမှာ ဘိန်းစားဖိုးဆိုင်။

ကျွန်တော် သတိပြုမိသောအချိန်မှာ မချောဖြူသည် ရွာထဲမှာ ခံတောင်း ရွက်၍ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆားစသော ကုန်စုံရောင်းသည်။ ဘိုးသည် ထို ကုန်စုံဝယ်ရင်းမှ စတင်သည်။

ကျွန်တော်သည် အမှတ်သညာထားတတ်သော အရွယ်မှစ၍၊ ဘိုးအိမ် မှာ အနေအစားများသည်။အကြောင်းမှာ ဘိုးအိမ်သည် ဘယ်တော့မှ ဟင်းကောင်း မပြတ်ချေ။ မပြတ်ခြင်းမှာ ကျေးရွာခလေ့ထုံးစံရှိ၏။ ရွာတွင် ကျွဲနွားသေ၍လည်း ကောင်း၊ သတ်၍လည်းကောင်း၊ အမဲသားပေါ်လျှင် သူကြီးအိမ်ကို တစ်တွဲပို့ရ သည်။ ဝမ်းတွင်းသားအစုံလည်း ပါရသည်။ ဘိုးအုပ်ချုပ်သော ရွာက ဆယ်ရွာဆို တော့ ဘိုးအိမ်မှာ အမဲဟင်းလျာ ပြတ်သည်မရှိချေ။

ဘိုးကိုယ်တိုင်ကတော့ အမဲသားမစားချေ။ ကျွန်တော့် အဖေလည်း မစား ချေ။ ကျွဲနွားဖြင့် အသက်မွေးရသော ကျေးရွာတို့တွင် အမဲသားမစားခြင်းသည် လူကြီးလူကောင်းတို့၏ ဂုဏ်အင်္ဂါတစ်ရပ် ဖြစ်ပေသည်။

ဘိုးတို့ ဂေါ်ပုံတစ်ရပ်ကို တွေး၍ ရယ်ချင်ပါသေးသည်။

ဝါတွင်း မိုးရာသီဆိုတော့ ကျွန်တော်တို့ လယ်တောဒေသမှာ ငါးပေါ သည်။ သည်တော့ မချောဖြူက ကုန်စုံရောင်းခြင်းကို ရပ်ဆိုင်း၍ မုန့်ဟင်းခါးရောင်း သည်။ ထိုအခါ ဘိုးက ကျွန်တော့်ကို ခုတုံးလုပ်၍ မနက်တိုင်း မချောဖြူ မုန့်ဟင်းခါး ရောင်းလာတိုင်း ...

"ဟော့ မင်းဒီနေ့ မုန့်ဟင်းခါး စားဦးမလား"မေးသည်။ ကျွန်တော်ကတော့ ၁၀ နှစ်သားအရွယ်လောက် ဘယ်သိလိမ့်ဦးမှာတုန်း။ အမြဲတမ်း ခေါင်းညိတ်သည် ပေါ့။ ဘိုး၏ အိမ်သားများကတော့ နှာခေါင်းရှုံ့ကြပြီ၊ ရိပ်မိနေကြပြီ။ ထိုအခါ ဘိုးမှာ ဇနီးအမယ်ကြီးနှင့် သမီးနှင့်သမက်ရှိသည်။

mgyoe.com

ကျွန်တော်ကို မုန့်ဟင်းခါးကျွေးတော့ ဝါတွင်းမှာ သတ်သက်လွတ် သမား ဘိုးက မုန့်ကို ဘယ်လိုစားပါသနည်းဟူမှု ဟင်းရည်မစမ်းစေဘဲ၊ သူ့အိမ်က နို့ဆီနှင့်ဆမ်း၍ စားပါသည်ခင်ဗျား။

ဩော် ...အာဂဘိုး၊ လူကြီးလူကောင်း ဂေါ်ပုံ မဆိုးဘူးနော။ ဦးကြီးတို့ နည်းယူကြ။

ထို့ပြင် ဘိုးတွင် သူများနှင့်မတူသော ထူးခြားချက်တစ်ရပ် ရှိသေးသည်။ ဘိုးသည် ထမင်းစားပြီး ပလုပ်ကျင်းသောအခါ၌လည်းကောင်း၊တစ်ခုခုစားသောက် ပြီး၊ ပလုတ်ကျင်းသောအခါ၌လည်းကောင်း၊ ဘယ်တော့မှ ထွေးမပစ်ချေ။ ပါးလုတ် ရည်ကို မျိုချလိုက်သည်သာ ဖြစ်၏။

ကျွန်တော်က "ဘိုးလုပ်ပုံဟာ သူများနဲ့မတူဘူး။ မရွံဘူးလား"ဟု မေး သောအခါ "ဟ ...ကိုယ့်ပါးစပ်ထဲကဟာ ကိုယ်ရွံနေမှဖြင့် ငါ့လခွီးတဲ့၊ လည်းပင်းလှီး ပစ်ဖို့သာ ရှိတော့တာပေါ့ကွ"ဟု ပြန်ဖြေပါသည်။

ဟုတ်တုတ်တုတ်။

ယင်းသို့လျှင် မချောဖြူသည် ကုန်စုံရောင်းငွေ်းဖြင့်လည်းကောင်း၊ မုန့် ဟင်းခါးရောင်းငွေ်းဖြင့်လည်းကောင်း၊ ဘိုးအိမ်နေ့တိုင်းလိုလို ဝင်ထွက်နေရာမှ လေး ငါးလမျှကြာသော် မချောဖြူယောက်ျား ဘိန်းစား ကိုဖိုးဆိုင်မှာ အိတ်ထဲဘိန်းငါး ကျပ်သားခန့်နှင့် လက်ပူးလက်ကြပ် ဘိုးက ဖမ်းမိလေ၍ ခမျာ ထောင်ကျသွားရှာ လေသည်။

ဒါဘိုးက သူ့နောက်လိုက် မတရားသက်သေများနှင့် သက်သက်အမှု ဆင်တာဖြစ်ကြောင်းကို တစ်ရွာလုံးကသိကြ၍ တဖျဂ်ကောက်တောက် နေကြ၏။ ကိုဖိုးဆိုင်သည် ဘိန်းစားသော်လည်း မခိုးတတ်၊ မပှက်တတ်၊ လူကောင်းတစ် ယောက်ဖြစ်၏။ သူ့ဟာသူ ထန်းတက်၍စား၏။ ပုံးမြုံး ထောင်၍ စား၏။

ထိုမှ အရပ်ထဲက လူကြီးများသည် ဘိုးကို ဝိုင်းကြဉ်စပြုလာ၏။ သည့် နောက် မကြာမီတွင် ဘိုးသည် သူ့အိမ်သူ့အိမ်သားများနှင့် ရန်ဖြစ်ကြလေ၍ အမယ် ကြီးသည် သမီးနှင့်သားမက်ကိုခေါ်ကာ သူ့ဇာတိရွာသို့ ပြန်သွားလေတော့သည်။

ဘိုးကိုကား မည်သူမျှ တရားချ၍ မရတော့ပြီ။ ယခင်တုန်းက ရပ်ရွာအိမ် ထောင်ရေးကိစ္စတို့မှာ သူကသာ ဖြန်ဖြေစီမံခန့်ခွဲပေးခဲ့သည်။ သူ့ဇာတ်တွင်ကား သူသာ ဇာတ်ဆရာ၊ အခြားဇာတ်ဆရာကို လက်မခံတော့ပြီ။

နောက်ဆုံးတစ်နေ့၌ကား မချောဖြူသည် ဘိုး၏အိမ်ပေါ်သို့ရောက်လာ လေသတည်း။ သို့သော် ဤဖြစ်ရပ်တွင် ဘိုး၏ရလဒ်ကား ကျဆုံးခြင်းပင်တည်း။

mgyoe.com

mgyoe.com

မချောဖြူ ဘိုးအိမ်ရောက်ပြီး ဒုတိယမြောက်နေ့ နံနက်တွင် အသက် ၆၀ မျှရှိမည်ဖြစ်သော အမယ်ကြီးတစ်ယောက် ဆောင်ဓားရှည်ကြီးတစ်လက်ကို ကိုင်ကာ ဘိုး၏အိမ်ဝင်းထဲရောက်နေလျက် ဓားတစ်လက်လက်နှင့် ဆဲရေးကြိမ်း မောင်းနေပေတော့သည်။

"ဟဲ့ ...အောင်ဒွန်း၊ နင် ဗလကောင်းလှတယ်။ သတ္တိကောင်းလှတယ် ဆို၊ ကြိုက်တဲ့လက်နက်ကိုင်ပြီး တံခါးဖွင့် ဆင်းခဲ့စမ်း ..."

ချလွမ် ...

အိမ်ရှေ့နံရံအကာကို သူ့ဓားနှင့်ပစ်လိုက်သည်။ ထို့နောက် ပြန်ကောက် ကာ ...

"ဟဲ့ ...အောင်ဒွန်း၊ နင်သတ္တိနည်းလှချေလား။ ငါလို အမယ်ကြီးနဲ့မှ ရင်မဆိုင်ဝံ့တော့ဘူးလား။ လူချင်းကြောက်ရင် နင့်မှာ နှစ်လုံးပူးသေနတ်ရှိသေး သယ် မှတ်လား၊ ဟောဒီမှာ ပစ်လိုက်စမ်းဟေ့"

ရင်ကို ကော့ပြပြီး သူ့ဓားတစ်ဖန် ပစ်လိုက်ပြန်လေသည်။ အိမ်ပေါ်က တော့ ဘာသံမျှ မကြားရ၊ ဆိတ်ငြိမ်လှသည်။ လူတစ်ယောက်မှ မရှိဘူးထင်ရ သည်။ သို့သော် ဘိုးနှင့်မချောဖြူရှိတာ အမှန်၊ ညကပင် မီးအိမ်ထွန်းတာ မြင်ရ သေးသည်။ ယခုမနက် အစောကြီးမှ စောစောစီးစီး ဒီအမယ်ကြီးက ကျွန်တော် အိပ်ရာက မနိုးမီပင် လာရောက်ဆူပူနေခြင်းဖြစ်သည်။

ဘိုးအိမ်သည် တစ်ထပ်အိမ်မြင့်၊ အောက်ဆင့်မရှိ၊ မြေကြီးပေါ် စားပွဲ ကုလားထိုင်ထားသည်။ အိမ်အကာမှာ နှစ်တစ်လက်မ သစ်သားတန်းတွေကို ကြက်ခြေခတ် ရိုက်ကပ်ထားသည်။ ထိုနံနက်၌ အပေါ်ထပ်ရော၊ အောက်ထပ်ရော တံခါးတွေ အားလုံးပိတ်ထားသည်။

ကျွန်တော်သည် အိပ်ရာမှထကာ ပြတင်းပေါက်မှ အံ့သြစွာနှင့် လှမ်း၍ ကြည့်နေသည်။ အမယ်ကြီးသည် ပိန်သော်လည်း စိတ်ကဆောင်နေ၍ တော်တော် ပဲ မာကျောပုံပေါ်သည်။ သူသည် အော်ဟစ်ဆဲရေးရင်း အောက်နံရံကို ဓားနှင့်ခုတ် လိုက်၊ အိမ်အပေါ်ထပ်ကို လှမ်းပစ်လိုက်၊ မောလျှင် ထိုင်ပြီးနားလိုက်၊ နောက်ပြီး တစ်စခန်းထလိုက်နှင့် အရွယ်နှင့်မလိုက်အောင်ပင် ဒေါသနှင့်ဖွဲ့သတ္တိက ကြီးလှပါ သည်။

"ဟေ့ ...အောင်ဒွန်း မယားခိုးရဲ့၊ လူ့တိရစ္ဆာန်ရဲ့၊ နင်ငါ့သားမက်အိပ်ထဲ အတင်းဘိန်းထည့်ပြီး နင့်နောက်တော်ပါ သက်သေလိမ်တွေနဲ့ အမှုဆင်ပြီး ထောင် ချတယ်ဆိုတာ လူတိုင်းသိကြတယ်ဟဲ့ ..."

mgyoe.com

mgyoe.com

ချလွမ် ...

ဓားနှင့်တစ်ချက်ပစ်လိုက်ပြန်သည်။

"နင်ဟာ ဆယ်ခိုင်သူကြီး၊ ဘုရားကိုးဆူဆရာကြီး၊ ဘိသိက်ဆရာကြီး၊ ရတုဩဘာဆရာကြီး၊ ကွက်စိပ်ဆရာကြီးဆိုတဲ့ ဂုဏ်တွေမှမထောက်ဘူး ငအောင်ဒွန်းရယ်၊ ဟိုမျောက်မထားမရော ဆင်းခဲ့၊ နင့်ပါ ငါနုတ်နုတ်စဉ်းပစ်မဟဲ့။ နင့်အတွက် ငါတစ်ခါက၊ နှစ်ခါရှက်၊ နှစ်ခါက သုံးခါရှက်၊ တစ်သက်လုံး ရှက်နေရမှာလားဟဲ့... နင့်တို့သတ်ပြီး ငါပါသေပစ်လိုက်မဟဲ့ ..."

ဤအချိန်၌ ကျွန်တော့်မှာ အသက် ၈နှစ်၊ ၉နှစ်မျှ ရှိဦးမည်ဖြစ်၍ အဖေ့အနားသို့ ချဉ်းကပ်သွားကာ ...

"အဖေရယ် ဘိုးက ဒီအမယ်ကြီး ပိန်ပိန်ကလေးများ ဘာလို့ကြောက်နေရသလဲ။ အောက်ဆင်းပြီး ဖမ်းလိုက်ရောပေ့ါ။ ဘိုးက အားအများကြီးကြီးတာပဲ မဟုတ်လား။ နို့ပြီး ဘိုးက သူကြီး"

"ဟဲ့ ...ဘာကြီးဖြစ်နေနေ ကိုယ်အမှားလုပ်မိတဲ့အခါမှာ မှန်သူကို ရင်မဆိုင်ဝံ့တော့ဘူး။ ကြောက်နေရော၊ ဒါဟာ တရားသဘောပဲ"

"ကျွန်တော် နားမလည်ပါဘူး အဖေရာ"

"အေး ...ငါ့သား ကြီးတော့ နားလည်ပါလိမ့်မယ်"

ထိုအချိန်၌ ကျွန်တော်သည် ဘိုးကိုသာ သနားနေတော့သည်။ ဘိုးဘက်က ဘယ်သူမျှ ကူညီမည့်လူလည်း မရှိပါလား။ ဒီအမယ်ကြီးကို လာတားခြင်း၊ ဆွဲငင်ခြင်းလည်း မည်သူမျှ မပြုကြ။ အကယ်တိ အခြားအိမ်၌သာ ဤသို့ဖြစ်နေပါမူ ဘိုးကိုယ်တိုင် သွားရောက်စီစဉ် ဖြန်ဖြေချေမည်။

စင်စစ်တော့ သူကြီးဦးအောင်ဒွန်း၏ မတရားပြုမှုကို တစ်ရွာလုံးက မုန်းတီးရွံရှာနေခြင်းဖြစ်သည်။ ဖြစ်နိုင်လျှင် အမယ်ကြီးဘက်ကပင် အကူအညီပေးကြဦးမည်။ သို့သော် ကူညီစရာပင် မလို၊ အမယ်ကြီးကား အံ့ဖွယ်ကောင်းလောက်အောင်ပင် ဖွဲသတ္တိကြီးလှပါဘိ။ ဤနေ့ ပထမနေ့က နံနက်ဝေလီဝေလင်းမှသည် ၁၀နာရီခန့်ထိ ဆဲရေးကြိမ်းမောင်းပြီး ထမင်းဆာသောကြောင့် ပြန်သွားသည်။ နောက်နေ့ နံနက် ဝေလီဝေလင်း၌ ယမန်နေ့ကအတိုင်း ပြန်ရောက်လာပြီး ယမန်နေ့ကအတိုင်း ပြုမူပြန်တော့သည်။

အမယ်ကြီးသည် ဤသို့ချည်း မနက်တိုင်းလာလုပ်၏။

ပဉ္စမမြောက် ညနေခင်းဝယ် ဦးအောင်ဒွန်းနှင့် မချောဖြူတို့သည် ပစ္စည်းမစ္စယများကို လှည်းတစ်စီးနှင့်တင်၍ ထွက်ခွာသွားကြတော့သည်။

mgyoe.com

mgyoe.com

ဤအခင်းဖြစ်နေချိန် ဘိုးအိမ်သို့မသွားရန် ကျွန်တော့်အား တားမြစ်ထား၍ ယင်းညနေလှည်းပေါ် ပစ္စည်းတွေတင်နေတုန်းမှာ ဘိုးကို ကျွန်တော်နောက်ဆုံး မြင်လိုက်ရခြင်းပင် ဖြစ်သည်။ ထိုအချိန်၌ သူ့အား မည်သူကမှလည်း လာ၍ နှုတ်မဆက်ကြချေ။

ရွာတွင် သူကြီးမရှိတော့ကြောင်း ကြားသိရသောအခါ၌ ဆယ်အိမ်ခေါင်းတွေ ခေါ်၍ ဖြစ်ပုံကို စစ်ဆေးမေးမြန်းပြီး ဦးအောင်ဒွန်းအား သူကြီးရာထူးမှ ချလိုက်ကာ နောက်ထပ် သူကြီးအသစ် ရွေးကောက်ပွဲ လုပ်လိုက်လေသည်။

ဦးအောင်ဒွန်းကား ဂုဏ်သိက္ခာအဖတ်ဆယ်မရလောက်အောင် ကျဆင်းလေ၍ ရွာသို့ပြန်ပြီး မချဉ်းကပ်ရဲတော့ပေ။ သူ့အိမ်ကို သူ့အမယ်ကြီးနှင့် သမီးသားမက်တို့ ပြန်၍နေကြသည်။

ဦးအောင်ဒွန်းသည် ဤမှ မကြာမီတွင် စိတ်ရောဂါလူရော ပင်ပန်းဆင်းရဲစွာဖြင့် သေဆုံးသွားသည်ဟု ကြားသိရလေသည်။

* * * * *

mgyoe.com

mgyoe.com

သတ္တဝါတို့၏ သံသရာ

မြို့နေလူတန်းစားတွင် ကြက်ငှက်ကို ကိုယ်တိုင်ရိုက်နှက် ချက်စားခြင်းသည် များစွာ မယဉ်ကျေး၊ မဖွယ်ရာမှု ဖြစ်သော်လည်း တောနေလူတန်းစားမှာကား ကိုယ့်အိမ် ဧည့်သည်ရောက်လာ၍ အိမ်ပေါက် ကြက်တစ်ကောင်ကို ဝိုင်းဝန်း ပစ်ခတ်ချက်ပြုတ် ကျွေးမွေးခြင်းသည် လွန်စွာမှ လျော်ကန်ပေသည်။ ဧည့်ဝတ်ကျေပွန်လှပေသည်။

ခြားနားချက်ကား မြို့များတွင် ဟင်းလျာကို အစိမ်းသော်လည်းကောင်း၊ ချက်ပြုတ်ကြော်လှော်ပြီးသားသော်လည်းကောင်း အချိန်မရွေး ရနိုင်၍ တောရွာများ၌ ထိုသို့မရှိ၊ ဥစ္စာရင်လို ဥစ္စာရင်းခဲ ကိုယ့်ဟာကိုယ် ကြံနိုင်မှ ဟင်းတစ်ပွဲ အချိန်မီ ရနိုင်ပေမည်။

ထို့ကြောင့် တောရွာဒေသများတွင် ကိုယ့်အိမ်ပေါက် ကြက်ဘဲကို ကိုယ့်ဟာကိုယ် ရိုက်နှက်ချက်စားခြင်းသည် ဘာမျှမဆန်း၊ ပြုသင့် ပြုအပ်သော အကြောင်းတစ်ရပ်ပင် ဖြစ်နေရာ ကျွန်တော်သည် တောရွာတွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သည့်အတိုင်း ဤဓလေ့ကို ယခုတိုင် ကျင့်သုံးလျက်ရှိပါသည်။ ကျွန်တော်၏ နေအိမ်မှာ ခြံနှင့်ဝင်းနှင့် နေနိုင်သော ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်တွင်ဖြစ်၍ ကြက်ကိုမပြတ် မွေးမြူထားပါသည်။ ယခုလို မိုးတွင်းဆိုလျှင် ဘဲလည်း ကြက်တစ်မလောက် ဖောက်ထားလိုက်ပါသည်။ ထို့ကြောင့် ကျွန်တော့်အိမ်၌ ဟင်းမကောင်းသော ထမင်းပွဲဟူ၍ အင်မတန်ရှိခဲလှသည်။ ဈေးမှ အမဲသားငါး မစားလိုသော် အိမ်က ကြက် ဘဲ။

ဤသို့ ပြုလုပ်ခြင်းသည် လောကုတ္တရာအတွက် မကောင်းလှဆိုကြမည် ဖြစ်သော်လည်း ယခုမျက်မှောက်တွင်ဖြင့် အတော်ပင် ဟန်ကျလှပေသည်။ ကြက်ဘဲဖိုးလည်း မကုန်ချေ။ တစ်ခါတစ်ရံ များနေလျှင် ကိုယ်ကပင် ရောင်းစားလိုက်ရသေး၏။ ထို့ပြင် လတ်လတ်ဆတ်ဆတ် သန့်သန့်ရှင်းရှင်းလည်း စားရ၏။

mgyoe.com

mgyoe.com

ရန်ကုန်မြို့တွင် ဈေးက ကြက် ဘဲ သတ်ဖြတ်ပြီးသားဆိုလျှင် အလကား ပေးသော်လည်း ကျွန်တော် မစားလိုပေ။ ရေထိုးလွန်းလှ၏။ ပိုက်နှင့် ထိုးသွင်းခြင်း ဖြင့်လည်းကောင်း၊ ရေနှစ်သတ်ခြင်းဖြင့်လည်းကောင်း၊ အရှင် ၆၀ကျပ်သား၊ ၇၀ ကျပ်သားကောင်ကို ၉၀ကျပ်သား၊ တစ်ပိဿာကောင်ဖြစ်အောင် ပြုထားကြ၏။ ဤသည်ပင် ခိုးခြင်းတစ်မျိုးဖြစ်၍ သက်ဆိုင်ရာက တားမြစ်ပေးဖို့ကောင်းသည်။ ဝယ်သူမှာ တစ်ပိဿာဖိုးပေးခဲ့ရသော်လည်း ၇၅ကျပ်သားမျှ ရသည့်ပြင် အရသာ မှာ လွန်စွာညံ့ဖျင်းလှ၏။

ကျွန်တော့်အိမ်လာရောက် လည်ပတ်ကြသော မိတ်ဆွေတို့သည် ကျွန် တော့်အိမ်က ကြက်သား၊ ဘဲသား ဟင်းသည် ကောင်းသည်ဟု ချီးမွမ်းကြ၏။ ဘာကြောင့်ကောင်းကြောင်း ကျွန်တော်က ပြောပြသောအခါ သူတို့နှာခေါင်းရှုံ့ကြ ၏။ ခင်ဗျားမို့ လုပ်ရက်တယ်ဟု ပြောကြ၏။ သည်တော့ ကျွန်တော်က ရယ်စရာ လိုလို လုပ်၍ ပြော၏။

"ဒီမှာ ကိုယ့်လူတို့ရဲ့ ...၊ ဝိညာဉ်လောကကို မယုံဘူးလား။ ဝိညာဉ်အမျိုး မျိုးတွေဟာ ကျွန်တော်တို့မျက်စိနဲ့ မမြင်ရတဲ့နေရာမှာ အမြဲရှိနေတာပဲ။ အဲဒီဝိညာဉ် တွေဟာ လိုချင်ရင် ခေါ်လို့ရတယ်။ သို့သော် အပိုင်တော့ မရဘူး။ ခေတ္တငှားလို့ပဲဖြစ် တယ်။ ခင်ဗျား ဘာဝိညာဉ်လိုချင်သလဲ၊ ဆင်ကနေပြီး ပရွက်ဆိတ်အထိရတယ်။ လူဝိညာဉ်လည်းရတယ်။ ရလို့ပဲ ခင်ဗျားကိုယ်တိုင်လည်း လူ့ဝိညာဉ်တွေခေါ်ပြီး မွေးမြူထားကြလို့ အခု ခင်ဗျားတို့မှာ သားသမီးတွေနဲ့ ဖြစ်နေကြတာပေါ့။ ခင်ဗျား တို့ ဘယ်လိုခေါ်သလဲဆိုတာ ခင်ဗျားတို့ဟာ ခင်ဗျားတို့အသိ၊ သို့သော်လည်း ခင်ဗျားတို့ဟာ ကိုယ်ကကျွေးမွေးရမယ့် သတ္တဝါရဲ့ ငိညာဉ်သာခေါ်ထားတတ်ပြီး ကိုယ်ကစားရမယ့်ဟာတော့ ခေါ်ပြီး မမွေးကြဘူး။ ကျွန်တော်ကတော့ ကြက်ရဲ့ ဝိညာဉ်ခေါ်ချင်တယ်နော် ကြက်ဖနဲ့ကြက်မ မွေးထားလိုက်တာပဲ။ ဘဲဝိညာဉ်ခေါ်ချင် ရင် ကြက်မဝပ်တဲ့ကျင်းထဲ ဘဲဥထည့်ထားလိုက်တာပဲ။ ဟော ...ကြက်ဆိုရင် သီတင်းသုံးပတ်၊ ဘဲဆိုရင် လေးပတ်ကြာတဲ့အခါမှာ ကြက်၊ ဘဲ ဝိညာဉ်တွေရောက် လာပြီး ကြက်ကောင်၊ ဘဲကောင်လေးတွေ ထွက်လာရောခင်ဗျာ့။ အဲဒီတော့ ကျွန်တော်က သူတို့ကို အန္တရာယ်အမျိုးမျိုးက ကာကွယ်ပြီး၊ ကြည့်ရှုစောင့်ရှောက် ကျွေးမွေးထားတယ်။ အဲ ကျွန်တော် အသုံးလိုတဲ့အခါကျတော့ သူတို့ ဝိညာဉ်တွေ ပြန်လွှတ်လိုက်ပြီး ကျွန်တော်ပြုစုကျွေးမွေးထားတဲ့၊ အဲဒီဘဲကိုယ်၊ ကြက်ကိုယ်တွေ ကို ချက်စားတယ်ဗျာ ...ကဲ ...ဒါနည်းလမ်းမကျဘူးလား"

သူများ အသက်သတ်စားရာ၌ ဤကဲ့သို့ပင် ရယ်သွမ်းသွေးနိုင်သော

mgyoe.com

mgyoe.com

ကျွန်တော်သည်ပင် တစ်ကြိမ်သောအခါ၌ သတ္တဝါတစ်ခုအတွက် မမျှော်လင့်သော ကရုဏာသက်ခဲ့ရပုံကို ဖော်ပြလိုပါသည်။

လူတို့တွင် ငယ်ပေါင်းကြီးဖော်ဟူ၍ ရှိလေရာ ယခု ရန်ကုန်မြို့တွင်ကြီးမှ အဖော်ဖြစ်ကြကုန်သော ကျွန်တော်၏ ကြီးဖော်တို့သည် အထက်၌ဖော်ပြခဲ့သည့် အတိုင်း ကျွန်တော် ကြက်သတ်စားသည်ကိုပင် အံ့သြနှာခေါင်းရှုံ့ကြသော်လည်း ကျွန်တော်၏ ဇာတိဌာနေ၌ ရှိကြသော ကျွန်တော်၏ ငယ်ပေါင်းတို့ကား ကျွန်တော့်အား နွားကိုပင် သတ်ကျွေးကြပါ၏။

(၂)

ကျွန်တော်တို့သည် ထိုညစာကို နွားကောင်လုံးပေါ်၍ ပွဲတော်တည်ကြမည်။ အချိန်ကား ညနေစောင်း နွားကျောင်းကာ ပြန်အလာကို စောင့်ရင်းပုလင်းထောင်နေကြသည်။

အမဲသားကိုဖျက်ရန် ဓားများလည်း မြနေအောင်သွေးပြီးကြပြီ။ ဖောက်သည်ယူမည့် အမဲသားသည်မလည်း အကြောင်းကြားပြီးပြီ။ တစ်ပိဿာမျိုး၊ ငါးဆယ်သားမျိုးယူမည့် အိမ်များသို့လည်း တီးတိုးသတင်းလွှင့်ပြီးပြီ။

အကြောင်းမှာ ကျွန်တော်တို့သည် ဆယ့်ငါး၊ ဆယ့်ခြောက်၊ ဆယ့်ခုနစ်ပိဿာအထိ ထွက်နိုင်သော နွားငယ်တစ်ကောင်ကို တန်ဖိုးဖြတ်၍ အမြတ်ကိုစားကြမည်။ အရင်းကို ရအောင်ရောင်းရမည်။ ဤကိစ္စကား ရန်ကုန်မှ ခေတ္တပြန်လာတော့ ကျွန်တော့်အတွက် ကျွန်တော့်ငယ်ပေါင်းများက သူတို့သဘာဝအတိုင်း စီမံကြခြင်းဖြစ်ပေသည်။

ကျွန်တော်ဆိုတဲ့ ကျွန်တော်ကလည်း အစားအသောက် ရဲသူပီပီ ဒီလိုနွားကလေးသားနုနုကို ဝမ်းတွင်းသားအစုံနှင့် ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ် စားလိုလှသည်။

ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ဆိုရာ၌ လတ်လတ်ဆတ်ဆတ်ကိုတော့ မိတ်ဆွေသိမည်၊ ပူပူနွေးနွေးကား ဟင်းကျက်ပြီးသားမဟုတ်၊ နွားကိုယ်မှ ဖျက်လိုက်၍ သွေးမအေးမီကို ရေမဆေးဘဲ တုံးတစ်ကာ ဟင်းအိုးထဲ ထည့်ချက်သည်ကိုဆိုသည်။

စားသော အသားမှာလည်း နွားကို ဖျက်နေကျလူမှ အကောင်းဆုံးဟာကို သိမည်။အသည်းညှာ၊အဆုပ်ညှာ၊ ဝမ်းတွင်းမှာ ဟိုနေရာ၊ သည်နေရာ တိုလီနုပ်စကပ်နေသော အသားစကလေးများ၊ အတွင်းမိုးခိုသား၊ နွားကလေးနုနု၏ ရင်ဒူး

mgyoe.com

mgyoe.com

သား၊ တင်ပါးဆုံသား (ပေါင်သားမဟုတ်) ပဆိုးကြမ်းမှ သယွင်းတိုင်၊ အူချဉ်ဖူး၊ အူနု။ ၎င်းတို့ကို အသဲ(သည်း)နှလုံးနှင့် ရောချက်၊ သူ့အရည်နှင့်သူ လုံးပြီးနောက် ရေထည့်၊ ထိုရေဆူသည်မှစ၍၊ ဝါးရတဲ့ဟာက စပြီး ခပ်စားပါလော့။ ဒါမျိုးချက်နေကျ၊ စားနေကျလူသည် ဘယ်သင်းက အရင်စပြီး ခတ်စားရမည်ကို သိ၏။

ကျွန်တော်သည် ရန်ကုန်မြို့က ဟိုတယ်ကြီးများ၌လည်းကောင်း၊ တိုင်းကြီး ပြည်ကြီးတို့၏ သံရုံးဧည့်ခံပွဲများတွင်လည်းကောင်း၊ အထက်တန်းကျကျ အစားအစာ အမျိုးမျိုးကို ဝီစကီ၊ ဘရန်ဒီ၊ ရှန်ပိန်၊ ဝိုင်စသည်တို့ဖြင့် စားသောက်ဖူးပါ၏။ သို့သော် ဖော်ပြပါ နွားနုနု၏ အသားစုံဟင်းတစ်အိုးကို ချက်အရက်နှင့် စားသောက်ရသလောက် ခံတွင်းမတွေ့လှပဟုဆိုခဲ့သော် သင်ယုံချင်မှ ယုံပေမည်။ ပြောမယုံ ကြုံဖူးမှသိမည့် ကိစ္စမို့ ကျွန်တော်ဆက်မပြောတော့ပါ။ လိုရင်းကိုသာ ရေးပါတော့မည်။

ထိုနေ့ ထိုအချိန်၌ ကျွန်တော်တို့ထိုင်ပြီး အရက်သောက်နေကြသည်မှာ အသက် ၇၀နီးနေပြီဖြစ်သော ကာလသားအိုကြီးက တစ်ယောက်၊ ကျွန်တော့်လို ၄၀ ကျော် ၅၀ နီးတွေက သုံးယောက်နှင့် ပေါင်း ၅ ယောက်၊ နေရာမှာ ထိုနွားကလေးရှင်၏ အိမ်ရှေ့ဘူးစင်အောက်၊ တောကုလားထိုင်၊ တောစားပွဲကြမ်းတို့နှင့် အမြည်းမှာ ငရုတ်စပ်စပ်၊ မရမ်းသီးငါးပိထောင်း မြက်မြက်ကလေး။

သောက်ရပုံမှာ မြို့မှာလို ဖန်ခွက်ကိုယ်စီနှင့် ပြိုင်တူမော့ရသည်မဟုတ်။ လက်ဘက်ရည် အကြမ်းပန်းကန်နှင့် တစ်ယောက်က ပုလင်းကိုင်၍ ခွက်လှည့်မော့ကြရသည်။ တောသားတို့ဓလေ့။

လူ ၅ယောက်၊ ပုလင်း ၂လုံးလဲသောအခါ၌ နေဝင်ရိတရောအချိန်ဖြစ်၍ နွား(၃)ကောင် ခြံထဲဝင်လာသည်။ နွားအိုကြီးတစ်ရှဉ်းနှင့် ကျွန်တော်တို့သတ်စားကြမည့် နွားပေါက်ကလေး။

နွားကလေးသည် နွားအိုကြီးလို ဣန္ဒြေမရ၊ ကလေးပီပီ ခြံထဲက ခရမ်းရွက်ကလေးတွေကို ပါးစပ်သရမ်းလာသည်။ နွားအိုကြီးများက သူ့ချည်တိုင်သူ ရောက်ကြသော်လည်း ဤနွားကလေးကား ခရမ်းရွက်များ လျှောက်စားနေ၍ နွားကျောင်းသားက သွားဆွဲယူပြီး ချည်ရသည်။

အိမ်ရှင်ကိုဘိုးထိန်က ကျွန်တော့်အား ...

"ဗိုလ်ကြင် ဒါလေးပဲကွ ..."

"ဟင် ...အထီးလေးပါလား ..."

"အထီးပေမယ့် ဒီအရွယ်မှာ နွားမသားနဲ့ ဘာမှ မထူးပါဘူးကွာ။ နုနု

mgyoe.com

mgyoe.com

ထွတ်ထွတ်ကလေးပဲ ..."

"ကျွန်တော်ပြောတာက ကြီးအောင်မွေးရင် အဖိုးတန်မယ်ပြောတာ"

"အေးပါကွာ ...ဒါပေမယ့် ငါသူ့ထား မနေနိုင်ဘူးကွ၊ သူ့ထုခွဲရင် မိုးဦးကျ အသုံးလိုတာလေးတွေရမယ်"

ဤနေရာ၌ သူ့ထုခွဲမှုဆိုသော စကားလုံးသည် တိုက်ရိုက်ကျလှချေသည်။ မကြာမီပင် ပေါက်ဆိန်နှင့်ထုပြီး ခွဲကြဖို့ စီမံနေကြသည် မဟုတ်လား။

ဤတွင် ပေါက်ဆိန်နှင့် ထုမည့်ကိုမောင်ချိုက ...

"နို့ ...ဖိုးထိန်ရ မင်းအရင်ပြောတော့ ဒီဟာလေးကို ချောင်းနားကျော်ဆင့်က မွေးဖို့ သူ့ဝက်နဲ့ လဲချင်တယ်ဆို ..."

"ငါက ဒယ်ချင်းတော့ ဘယ်လဲနိုင်မလဲကွ။ အလိုက်ပေးဆိုတော့ ပေးစရာ မရှိဘူးတဲ့။ သူ့ဝက်ပေါ်ရောင်းတော့ ငါ့နွားလောက်ရမှာ မဟုတ်ဘူးကွ"

ထိုအခါ ကျွန်တော်က "ခင်ဗျားနွားဖိုးရအောင်ဆို နွားပွဲချ ရောင်းလိုက်ရောပေါ့။ နွားထီးလေးဗျာ နမြောစရာ ..."

ဖိုးထိန်က "ဟ ...ပွဲချရောင်းတော့ နွားဖိုးပဲရမှာပေါ့ကွ ...အခုတော့ နွားဖိုးရမယ်။ ကိုယ်လည်း ဟင်းစားရမယ်။ နို့ပြီး မင်းရောက်တာနဲ့လည်း အဆင်သင့်နေတယ် မှတ်လားကွ"

ကဲ ...သူ့ စေတနာက ကျွန်တော့်ဘက် ဦးလှည့်နေလေတော့ ကျွန်တော် မပြောသာပြီ။

ထိုအချိန်၌ သူ့သားလေးသည် နွားများကို ဖွဲနုရေတိုက်ရာ နွားကြီးတွေကိုသာတိုက်၍ နွားလေးကို မတိုက်တော့ချေ။ အခုသတ်တော့မှာ ဘာလို့ဖွဲနုအကုန်ခံနေဦးမှာလဲဟု ယူဆပေမည်။ နွားကလေးကား နွားကြီးများသောက်နေရာဆီသို့ ဦးတည်၍ ရုန်းကာရှေ့လက်တစ်ဖက်က ခွာကလေးတလျှပ်လျှပ်ယက်နေသည်။

နွားကလေး ခရမ်းရွက်တွေ ဝါး၍ဝင်လာတာ မြင်ကတည်းက "ဒါလေးဟာ သူ့သတ်တော့မှာကို ဘယ်သိမှာလဲလေ"ဟု စိတ်ထဲအောက်မေ့ခဲ့မိသော ကျွန်တော်သည် ယခု အခြေအနေကိုမြင်ရသည်၌ ဒီနွားကလေး အသားစားချင်စိတ်ကုန်ခန်းလေပြီ။

နွားကလေးသည် သူ့ရှေ့သို့ခါတိုင်းလို ဖွဲနုရေအိုး လာချလိမ့်မည်ဟု မျှော်လင့်ရုန်းကန်နေသည်။ သို့သော် အချည်းနှီး။ ဖွဲနုရေဖျော်သော သူငယ်ကား ကျွန်တော်တို့အတွက် နောက်ထပ် ချက်အရက်ဝယ်ရန် သူ့ဆိုက်ကားကလေးနှင့် သွားလေပြီ။ သူတို့အိမ်ထောင်သည် လယ်လည်းလုပ်၍ ဆိုက်ကားလည်း နင်းကြ

mgyoe.com

mgyoe.com

၏။

ကျွန်တော်သည် ဤအိမ်ဂေဟာ၊ ဤမြေချာတွင် နွားကို သတ်စားခဲ့တာ အခါခါရှိခဲ့ပါပြီ။ သို့သော် ဟိုတုန်းက ဒီလိုသနားစိတ်မပေါ်ခဲ့။ မပေါ်တာမှလည်း အကြောင်း နှစ်ကြောင်းကို ကျွန်တော်တွေ့ရ၏။ (၁)ယခုလောက် ကျွန်တော် အသက်မကြီးသေး၊ (၂) သတ်မည့်နွားကို ယခုလိုမျက်မှောက်၌ထားကာ ကြာကြာ ကြည့်မနေခဲ့ရ။

ဟိုတုန်းကဆိုလျှင် ကျွန်တော်တို့သည် အရက်ကို အိမ်ပေါ်၌သောက်ကြကာ နွားကို အိမ်အောက်မှာ တစ်ယောက်ကထုရ၍ ကိစ္စပြီးမှ ဆင်းလာပြီး ဖျက်ကြသည်။ ထိုအခါ၌ ကျွန်တော်သည် ကူ၍ပင် လှီးပါ၏။

ယခုလည်း နွားကလေးခြံဝင်းထဲရောက်လျှင် ရောက်ချင်းဆိုက ဒီကိစ္စတွင် ကျွန်တော့်မှာ ဘာမျှထူးခြားမည် မဟုတ်ပေ။ သို့သော် အရပ်လူကြီးများက "မင်းတို့ဟာ သိသာသိစေ၊ မမြင်စေနဲ့ကွာ ..."ဟု မှာကြားထားသောကြောင့် နေဝင်မိုးချုပ်အောင်စောင့်၍ ခါတိုင်းအတူစားနေကြ ရဲဘော် (၅)ယောက်အနက် ကျွန်တော် စိတ်ဓာတ်က ကျဆုံးနေပါပြီ။ နှုတ်မှ ထုတ်ဖော်၍ တားလိုက်ရန်ကလည်း ကိုယ့်အတွက်နှင့် သူတို့အစီအမံကို ဖျက်ရန်သင့်လျော်မည် မဟုတ်။

ထို့ကြောင့် ကျွန်တော့်စိတ်ကို ရဲဆေးတင်မည်ဟု ဟိုသူငယ်ပြန်ရောက်လာသည်၌ အရက်ကိုခွက်ဆင့် ကျွန်တော်သောက်လေသည်။ လူကားမူးပါပြီ။

သို့သော် အရက်သဘောမှာ ငိုချင်သော သူကို ပိုငိုစေ၍ ရယ်ချင်သောသူကို ပိုပြီးရယ်စေရကား နွားကလေးအပေါ်၌ ကျွန်တော်၏ သနားစိတ်မှာ အရက်မူးလေ ပိုလေလေဖြစ်တော့သည်နှင့် နောက်ဆုံးတွင် ကျွန်တော်ထိုင်ရာမှထကာ ...

"ကဲ ...ကျွန်တော် ပြန်နှင့်မယ်ဗျာ၊ ကျွန်တော့်အဖေက ဒီညမှောင်အောင် မနေပါနဲ့မှာလိုက်လို့"ဟု မုသားသုံးရတော့သည်။

သူတို့အားလုံးပင် အံ့အားသင့်ကြကာ ...

"ဟာ ...ဗိုလ်ကြင်ရ ဘယ့်နှာတုန်း။ အခုကိစ္စလုပ်ရတော့မှာ"

"ဟာ ...မှောင်နေရင် မဖြစ်ပါဘူးဗျာ။ အဖေဆူလိမ့်မယ်။ ဗိုလ်ချိုခင်ဗျား ပဲ ကြည့်လုပ်ခဲ့တော့ ..."ဟု ဆိုကာ ကျွန်တော် ဖွတ်ထွက်ခဲ့တော့သည်၌ ကျွန်တော်တို့ အပိုင်းမှ ကျွန်တော်နှင့်အတူပါလာခဲ့သော အသက်(၇၀)အရွယ် ကာလသားအိုကြီးကလည်း ...

"ဟော့ ...ငါလည်းပြန်မယ်"ဟုဆိုကာ ထလိုက်လေတော့သည်။ကျွန်တော်က ကျွန်တော့်စိတ်ပြောင်းပုံ အကျိုးအကြောင်း ပြောပြသည်၌ အဘိုးကြီးကလည်း...

mgyoe.com

mgyoe.com

"အေး …ငါလည်းပဲ မင့်လိုပဲကွ၊ နွားကလေးကို ကြည့်ရင်း ကြည့်ရင်း သနားလာတယ်။ ဟိုတုန်းကတော့ ကိုယ်ကိုယ်တိုင် ကြံခဲ့တာမျိုးပေမယ့် အခုတော့ အသက်က စကားပြောလာတယ်ကွ …"

ထိုအခိုက် ကျွန်တော်တို့နောက်မှ ခြေသံ ဖုတ်ဖုတ် ဖုတ်ဖုတ်ကြားရ၍ လှည့်ကြည့်လိုက်တော့ ကျွန်တော်တို့နှင့်အတူ လာခဲ့သည်ဖြစ်သော ကိုမောင်ချို ပြေးလိုက်လာသည်နှင့် ကျွန်တော်က …

"ဟ–ဗိုလ်ချို။ ဘာလို့ ပြန်လိုက်လာတုန်း။ ခင်ဗျားတို့ ကိစ္စ၊ ခင်ဗျားတို့ လုပ်ကြရောပေါ့"

"ဟာ–ဟိုလူက ခုည မင်းမရှိတာနဲ့ မလုပ်တော့ဘူးတဲ့ကွာ။ နက်ဖြန်မှာ မင့်ခေါ်ခဲ့တဲ့"

ကျွန်တော်က ရင်ထဲရှိတာဖွင့်ပြောကာ နက်ဖြန်လည်း ကျွန်တော်မလိုက်တော့ကြောင်း။

"ဒါဖြင့် ငါပဲသွားလုပ်ပြီး မင်းစားဖို့ ကြည့်ရှုယူခဲ့တော့မယ်ကွာ"

သို့သော် နောက်တစ်နေ့ည ဗိုလ်ချိုပြန်ရောက်လာသောအခါ၌ သူ့မှာပါလာတာ အမဲသားမဟုတ်၊ ဝက်သား။

"ဟဲ့… ဗိုလ်ချို၊ ခင်ဗျားတို့ဟာ ဘာဖြစ်လာတာတုန်း"

"မနက်ခင်းကပဲ ချောင်းနား ကျော်ဆင့် ဝက်နဲ့ လဲဖြစ်သွားသတဲ့ကွ။ ကျော်ဆင့်က သက်ငယ်တစ်ရာ အလိုက်ပေးလိုက်သတဲ့"

ထိုနွားကလေးသည် ယခု မိုးဦးကျအခါတွင် ကိုကျော်ဆင့်တို့ ချောင်းနားရှာ၌ ထွက်သစ်စမြက်နုကလေးတွေ စား၍ မြူးတူးပျော်ပါးနေလိမ့်မည်တည်း။

ကျွန်တော်နှင့်အတူ နွားကလေး နုနုသား ပူပူနွေးနွေး သွေးမအေးမီချက်တာကို စားရအောင် ကိုဖိုးထိန်တို့အိမ်သို့ လိုက်ခဲ့သော အသက် (၇၀)ရွယ် ဦးထွန်းစိန်ကား လွန်ခဲ့သော လကပင် လူကြီးရောဂါနှင့် ကွယ်လွန်သွားကြောင်း စာရ၏။

ကျွန်တော်လည်း မိမိကိုယ်မိမိ အဖြေမပေးနိုင်သော မေးခွန်းတစ်ခုကို မေးလိုက်လေသည်။

"မင်းကော ဘယ်တော့ သေမှာလဲ"

* * * * *

mgyoe.com

mgyoe.com

လူတစ်ယောက်အကြောင်း

ဤနေရာသည် အခါကာလအလျောက် ဆိတ်သုဉ်းသွားပါပြီ။ ဤနေရာတွင် လွန်ခဲ့သော အခါကာလက အိမ်ခြေ ၄-၅လုံးမျှ ရှိခဲ့ဖူးပါသည်။ နောက်တစ်အိမ်စီ တစ်အိမ်စီ ပျောက်၍သွားခဲ့ရာ လွန်ခဲ့သော (၅)နှစ်ခန့်က စပြီးတော့ဖြင့် တစ်အိမ်ထီးတည်း ကျန်ခဲ့တော့သည်။ ယခုကား ဤတစ်အိမ်ထီးတည်းပင် မရှိတော့။ ခြံမြေအားလုံးသည် ဆိတ်သုဉ်း၍ သွားပါပြီ။

ကျွန်တော်သည် မကြာသေးမီကမှ လူသွားရပ်စဲသွားသော ခြေရာလမ်းကြောင်းပေါ်မှာ တစ်ယောက်တည်း မတ်တတ်ရပ်လျက် ရှိနေပါသည်။ ရှေ့တိုးလို့တော့ မဖြစ်တော့ပါ။ ဝါးဝင်းထရံ ကာဆီးလျက် နေပါပြီ။

ရှေးယခင်တုန်းကဆိုလျှင် ကျွန်တော်သည် ဤခြေရာလမ်းကြောင်းမှ ဖော်ပြပါတစ်အိမ်တည်းသို့ ဥဒဟိုသွားခဲ့ပါသည်။ ယခုကား မလှမ်းသောတော့ပြီ။ မှန်းမျှော် ရမ်းယော်ကာသာ အတိတ်ကို ...

ကျွန်တော့်ရှေ့ လေးငါးတောင်မျှ အကွာ၌ သူ့နဖူးကို လက်ဝါးအုပ်၍ ပြာနှမ်းမှုံမွားသော မျက်လုံးအစုံဖြင့် ကျွန်တော့်အား စေ့စေ့ကြည့်နေသော အဘိုးအို...

"ဦးထွန်းစိန် ဒီလောက် အနီးကပ်တောင်မှ မသဲကွဲတော့ဘူးလား"

သူသည် ဝမ်းသာအားရနှင့် ...

"ဟော့ ဖိုလ်ကြင်၊ ငါထင်တော့ အထင်သားပဲ။ မင်းရောက်တယ်ကြားလို့ ငါမောင်ခို့ လွှတ်ထားလိုက်ပြီ"

"ရော့ ဒီမှာ"

ကျွန်တော့် လက်ထဲကအထုပ်ကို သူ့အား ကမ်းလင့်သောအခါ ...

"ဘာလဲကွ"

"ပုဇွန်ထုပ်ကြီးတွေလေ၊ ပြုတ်ပြီးသား"

"ဟာ...ကောင်းပေါ့ကွာ၊ သံပုရာသီးနဲ့ သုပ်မယ်၊ စိန်ခ ...မိခွေးခြံမှာ

mgyoe.com

mgyoe.com

သံပုရာသီးသွားခူးစမ်း၊ ငရုပ်သီးစိမ်းလည်း ဆွတ်ခဲ့"

သူ၏ ကြင်ယာတော်၊ ခြေမြန်တော် ဒေါ်စိန်ခသည် မဆိုင်းခဏပင်အိမ်ပေါ်မှ ဆင်းသွားသောအခါ ကျွန်တော်တို့နှစ်ယောက်က အိမ်ပေါ်ရောက်ပြီ။ ဦးထွန်းစိန်က မီးဖိုချောင်ဝင်၍ ကြက်သွန်လှီး၊ ကျွန်တော်က မြို့အရပ်တွင် ရမ်မသောက်မိဘီယာနှင့်ပျိုးဘိသို့ ထန်းလျက်အရက်ယူရအောင်သွားသော ကိုမောင်ခို ပြန်မရောက်မီ ဦးထွန်းစိန်အိမ်မှာ အမြဲတမ်းအသင့်ရှိနေတတ်သော ထန်းရည်ကို စကိုင်သည်။

အင်း ...ကျွန်တော် လူရယ်လို့ဖြစ်လာခဲ့ပြီး သူရာဆို၍ ကျွန်တော့်ခံတွင်းစတင်ဝင်ခဲ့သည်မှာ ကျေးရွာသဘာဝအလျောက် ဤထန်းရည်သာဖြစ်လေရာ ဘယ်အခါပဲ ကိုယ့်ရွာပြန်ရောက်ရောက် ဒီထန်းရည်လေး တစ်ခွက်တစ်ဖလားတော့ မှော့လိုက်မှ။ သို့သော်လည်းပဲ သောက်သက် ဝါရင့်လှတော့ ဤထန်းရည်မျှနှင့် တင်းမတိမ်နိုင်ပြီ။ ထန်းရည်ကို ထန်းလျက်ချက်၊ ထန်းလျက်ကို ဂဇော်စိမ်၊ ဤဂဇော်ရည်ကိုမှ ပေါင်းတင်သော ချက်အရက်ျမှပဲ ဒိုးသတ်ရတော့၏။

နောက်နာရီဝက်အတွင်း၌ ကိုမောင်ခို ပြန်ရောက်လာပြီဖြစ်၍ ကျွန်တော်တို့ ချက်အရက်ပွဲ စလေပြီ။

ပုဇွန်ထုပ်ကို သံပုရာသီး၊ ငရုတ်သီးစိမ်းနှင့်သုပ်၊ နံနံပင်အုပ်။ ကြက်သွန်ဥကြီး အကွင်းအကွင်းလှီးနှင့်။

ဒီလို ပုဇွန်ထုပ်မှာ ကျွန်တော်တို့ ကျေးရွာသားများ စားရဖို့ ခဲယဉ်းလှပေသည်။ ကျွန်တော်၏ ဇာတိရွာနယ်ပယ်မှာ မြစ်နှင့်မနီး၊ မိုးအခါသာချောင်း၊ မြောင်းအင်းအိုင်တွေရေရှိ၍ ဆောင်းဦးပေါက်သည်မှစပြီး ရေခြောက်တော့ရာ ဘယ်မှာပုဇွန်ထုပ်ဆိုတဲ့ သတ္တဝါရှိအံ့နည်း။ မြို့ကဈေးတွင် အခြားအရပ်က ရေခဲရိုက်တင်လာတာတွေ ရှိပါ၏။ သို့သော် ကျေးရွာဆင်းရဲသားများသည် ဤပုဇွန်ထုပ်ဈေးကိုပေး၍ အဘယ်လျှင် စားနိုင်အံ့နည်း။ ထို့ကြောင့် ကျွန်တော်သည် ရွာကိုပြန်ပြီးဆိုလျှင် ရန်ကုန်မြို့မှ ပုဇွန်ထုပ်ကို ပြုတ်၍လည်းကောင်း၊ ငါးမြင်း ငါးကြင်းကို ကြော်၍လည်းကောင်း ဆောင်ကျဉ်းခဲ့ကာ ကိုယ်နှင့်ရင်းနှီးသူတို့အား စားစေပါသည်။

ကျွန်တော်သည် ဦးထွန်းစိန် ဆွဲထုတ်လာသော ပုဇွန်ထုပ်ပန်းကန်ကြည့်၍ မီးဖိုချောင်ထဲက အိမ်ရှင်မအား ...

"အရီးခ ခင်ဗျား ထမင်းနဲ့စားဖို့ ခွဲယူမထားသေးဘူးလားဗျ"

"ဟယ် ...ငါနင့်ပုဇွန်ထုပ် မစားချင်ဘူးဟယ်။ အကြောတက်တယ် ..."

ဟု ပြောပြန်ကာ ဦးထွန်းစိန်က ...

mgyoe.com

mgyoe.com

"ဟယ်…ဒီကောင်မ ကောင်းမှန်းဆိုးမှန်း သိတာမှတ်လို့ကွာ ပြောမနေပါနဲ့"

"ဩော် …တော်သာ အကောင်းတွေစားပါ။ ဒါကြောင့် သူ့မျက်လုံးတွေ ကြောင်တောင်ကွယ်တော့မယ်။ အစားအသောက်က နည်းနည်းမှ မလျှော့ဘူး"

"ကွယ်ကွယ် ဟော့၊အစားအသောက်တော့ မလျှော့နိုင်ဘူး လူ့ပြည်နေတာ စားဖို့နဲ့ သောက်ဖို့ဟ စိန်ခရဲ့"

ဟုတ်ပါ၏။ သူ၏ အမှန်ဝါဒဖြစ်ပါသည်။ ဦးထွန်းစိန်သည် ကျွန်တော် သိခဲ့သမျှ ကျေးရွာတွင် လယ်ပိုင်ယာပိုင်ရှိဖို့ မဆိုထားနှင့် အိမ်ဆောက်ရန် ခြံပိုင်မျှ မရှိ၍ သူများခြံတွေထဲသာ ခိုကပ်ခဲ့ရသော လက်လုပ်လက်စား ဆင်းရဲသားမျှ ဖြစ်သော်လည်း အရက်သေစာကို နေ့တိုင်းသောက်သည်။ သူ့ထမင်းပွဲမှာ ဟင်း ကောင်း မြိုးမြိုးမြက်မြက်ပါသည်။

သူသည် ကျွန်တော်တို့ရွာ ဇာတိ မဟုတ်ပေ။ အခြားရွာမှလာပြီး အိမ်ထောင်ကျသူ ဖြစ်သည်။ ကျွန်တော် အမှတ်သညာထားတတ်သော အရွယ်မှာ သူသည် အသက်သုံးဆယ်ကျော်မျှ ဖြစ်သည်။ ကျွန်တော်တို့အိမ်နှင့်မျက်စောင်းထိုး ဝါးပိုးအိမ်ကလေးမှာ နေသည်။ ထိုအချိန်၌ သူ့မှာ ညီ လူပျိုပေါက်တစ်ယောက်ရှိ သည်။ ဤညီ လူပျိုပေါက်က ကျွန်တော်တို့ရွာနှင့် နှစ်မိုင်မျှဝေးသော ချောင်းနားရွာ သို့သွားပြီး ကြံထမ်းရသည်။ ဦးထွန်းစိန်ကအိမ်မှာ ကြံရောင်းသည်။

ကြံရောင်းပုံမှာ ရိုးရိုးမဟုတ်၊ ညနေချိန်မှာ ကာလသားတွေ သူ့အိမ်ရှေ့ တွင် ကြံခုတ်ပြိုင်ပွဲလုပ်စေသည်။ ကြံကို ဆယ်ချောင်း ဆယ့်နှစ်ချောင်းစသည်ဖြင့် စုစည်းကာ ဓားမနှင့်တစ်ချက်တည်းခုတ်၊ အားလုံး ပြတ်မပြတ် ကာယဗလပြိုင်ပွဲပင် ဖြစ်သည်။ ဒီနည်းလုပ်တော့ သူ့ကြံတွေ သိပ်ရောင်းရသည်ပေါ့။

ဦးထွန်းစိန်သည် ကျေးတောသားပင်ဖြစ်သော်လည်း လက်ကြောတင်း အောင် မလုပ်၊ ဒီလိုပဲ ဉာဏ်ကလေးလှာသုံးကာ ကောင်းကောင်းစား၊ ကောင်း ကောင်းသောက်ခဲ့သူဖြစ်သည်။ သူသည် ယခင်က ဓားခုတ်မှုနှင့် ထောင် ၃–၄နှစ် လား ကျခဲ့ဖူးသည်ဆိုသဖြင့် ရွာမှာ မဟုတ်မခံ ဇတ်ဇတ်ကျဲဆိုသည့် နာမည်သင်း သူဖြစ်သည်။ ကျွန်တော် အမှတ်သညာထားတတ်သည့် အရွယ်မှစ၍ကား နောက်ထပ် ဘာရာဇဝတ်မှုမျှ ကျူးလွန်ရသည်ကို မတွေ့ရတော့ပေ။

သို့သော် ဤသို့ကျွန်တော်တို့ အိမ်အနီးတွင် နေထိုင်လျက်ဖော်ပြပါ ကြံ ရောင်းစားနေစဉ်တွင် ရွာသူကြီးနှင့် မည်သို့ ပဋိပက္ခဖြစ်ကြသည် မသိ၊ တစ်နေ့သ၌ သူကြီးက လာကြိမ်းသည်။

"မောင်ထွန်းစိန် မင်းဟာ ငါ့အိမ်အနီးမှာ နေပြီးတော့ ဒီလိုရွာက ကာလ